သိပ္ပဥ္စ ဧတံ မင်္ဂလ မုတ္တမံ၊ လက်မှုစက်မှုပညာ တတ်မြောက်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၅ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ ၂၀၀၄ ခုနှစ်၊ မတ် ၂ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၅၄)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၄ ခုနှစ် တောင်သူလယ်သမားနေ့ သဝဏ်လွှာ –

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ ကြီးမားသောကုန်ထုတ်လုပ်မှုကဏ္ဍကြီးဖြစ် နိုင်ငံတော်မှ ဘက်ပေါင်းစုံကြံဆစီမံပေးခဲ့၍ စိုက်ဧက ၃၉.၃ သန်းအထိရှိလာ တိုးတက်လာသောစိုက်ပျိုးမြေများ အပြည့်အဝအသုံးချနိုင်ရေး စက်မှုလယ်ယာသို့ကူးပြောင်း

ချစ်ကြည်လေးစားအပ်သော တောင်သူလယ်သမားကြီးများခင်ဗျား–

ယနေ့သည် မြန်မာတိုင်းရင်းသား တောင်သူလယ်သမားကြီးများအား ဂုဏ်ပြုသတ်မှတ်ထားသည့် မတ်လ ၂ ရက် 'တောင်သူလယ်သမားနေ့' ဖြစ်ပါသည်။ ဤမင်္ဂလာရက်မြတ်အခါသမယတွင် တောင်သူလယ်သမားကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြလျက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ကြပါစေကြောင်း ဆုတောင်းပတ္ထနာပြုအပ်ပါသည်။

စာမျက်နှာ ၂ ကော်လံ ၄ ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ လေညာ-မဏ္ဍိုင်တံတားကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

မြိတ်ခရိုင်တစ်ခုလုံး ဆန်ဖူလုံရေးကို တနင်္သာရီမြို့နယ်က အတတ်နိုင်ဆုံးပံ့ပိုး အထောက်အကူပြုရာသီဥတုကောင်းမွန်မှုနှင့် သယံဇာတပေါများမှုကြောင့် သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းနိုင် သဘာဝကပေးထားသည့်အခြေအနေကောင်းကို အပြည့်အဝအသုံးချနိုင်အောင် ကြိုးစားလုပ်ကိုင်

ရန်ကုန် မတ် ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်မြတ်ဟိန်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ

ကျောဖုံးသို့ ■

၂၀၀၄ ခုနှစ် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မတ်လ ၂ ရက်)

၂၀၀၇-၂၀၀၈ခုနှစ်တွင် နိုင်ငံတော်၌ စားသုံးဆီဖူလုံရမည် ဆီအုန်းစိုက်ပျိုးရေး ဖိဖိစီးစီး ဝိုင်းဝန်းအကောင်အထည်ဖော်

နိုင်ငံတော်တွင် အဓိကစားသုံးသီးနှံဖြစ်သည့် စပါးပြီးလျှင် ဆီထွက်သီးနှံသည် ဒုတိယအရေးအကြီးဆုံး သီးနှံဖြစ်သည်။ ပြည်တွင်းစားသုံးဆီ ဖူလုံမှုမရှိသဖြင့် စားအုန်းဆီများကို ပြည်ပမှတစ်နှစ်လျှင် အမေရိကန် ဒေါ်လာ သန်း ၆၀ကျော်ဖိုးခန့် တင်သွင်းနေရသည်။

ရောဝတီမြစ်ကူးတံတားကြီးတစ်စင်း၏ နိုင်ငံခြားသုံးငွေ ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ရှစ်သန်းကျော်ခန့်ရှိရာ စားအုန်းဆီတင်သွင်းရန် နှစ်စဉ်ကုန်ကျငွေဖြင့် မြစ်ကူးတံတားကြီး လေးငါးခြောက်စင်းမျှ တည်ဆောက်နိုင်သော အနေအထားတွင်ရှိပေသည်။

သို့ဖြစ်၍ ဆီအုန်းပင်များတိုးချဲ့စိုက်ပျိုးပြီး စားအုန်းဆီထုတ်လုပ်မှု တိုးတက်လာသည်နှင့်အမျှ စားအုန်းဆီဝယ်ယူမှုအတွက် နိုင်ငံခြားသုံးငွေ လျော့နည်းသက်သာရေး၊ သွင်းကုန်အစားထိုးနိုင်ရေး၊ စားသုံးဆီဖူလုံစေရေးအတွက် ရေ၊ မြေ၊ ရာသီဥတုအခြေအနေပေးသည့် တနင်္သာရီတိုင်းတွင် ဆီအုန်းတိုးချဲ့စိုက်ပျိုးရန် နိုင်ငံတော်က တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များအား မြေလွတ်မြေရိုင်းများကို လုပ်ကိုင်ခွင့်ပြုထားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် တနင်္သာရီတိုင်းသို့သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ဖေဖော်ဝါရီလ ၂၆ရက်နေ့ နံနက်ပိုင်းတွင် ခမောက်ကြီးရှိ ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းဆီကြိတ်စက်ရုံ တည်ဆောက်မည့်နေရာသို့ ရောက်ရှိကြပြီး တစ်နာရီ တန် ၃၀ ဆီအုန်း ဆီကြိတ်စက်ရုံ တည်ဆောက်ရေး ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ရှင်းလင်းဆောင်ခန်းမ၌ ခမောက်ကြီးမြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက-

"သတ်မှတ်ခွဲဝေပေးထားသည့် ဧကများအလိုက် ဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီများအနေဖြင့် ဆီအုန်းများကို ဖိဖိစီးစီး စိုက်ပျိုးသွားကြရန်ဖြစ်ကြောင်း၊ ဆီအုန်းစိုက်ဧကငါးသိန်း အပြည့်အဝရရှိရေးအတွက် နှစ်အလိုက် မှန်မှန်ကန်ကန် စိုက်ပျိုးသွားရန်လိုကြောင်း၊ ဆီအုန်းဧကပြည့်မီပြီး စားအုန်းဆီ မြန်မြန်ထွက်လာမှ တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ ဆီအိုးကြီးအဖြစ် အမြန်ဖြစ်ပေါ်လာမှာဖြစ်ကြောင်း၊ ၂၀၀၇-၂၀၀၈ခုနှစ်တွင် နိုင်ငံတော်၌ စားသုံးဆီ ဖူလုံရမည်ဆိုသည့် မျှော်မှန်းချက်ထားရှိပြီး ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများကို ဖိဖိစီးစီး ဝိုင်းဝန်းစိုက်ပျိုး အကောင်အထည်ဖော်သွားကြရန် ဖြစ်ကြောင်း"

မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရှင်းလင်းဆောင်အနီး၌ ဆီအုန်းပင်ကို အမှတ်တရ ချီးမြှင့်စိုက်ပျိုးပေးသည်။ဆက်လက်၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များကလည်း ဆီအုန်းပင်များကို စိုက်ပျိုးပေးကြသည်။

ကုမ္ပဏီများအနေဖြင့် ဆီအုန်းစိုက်ပျိုးဖြစ်ထွန်းအောင် ကြိုးပမ်းသကဲ့သို့ မိမိတို့ကုမ္ပဏီအလိုက် ဝန်ထမ်းများ၊ လုပ်သားများအတွက် ဆန်ဖူလုံမှုရှိစေရန် ဆီအုန်းစိုက်ပျိုးဖြစ်ထွန်းခြင်းမရှိသည့် နေရာများ၌ စပါးစိုက်ပျိုးသွားရန် လိုသည်။ မြေပြန့်၊ ကုန်းပြန့် မရှိပါက ကုန်းမြင့်လယ်ယာများ ဖော်ထုတ်၍လည်းကောင်း၊ ချိုင့်ဝှမ်းစိုက်ပျိုးမှုပြုလုပ်၍လည်းကောင်း စပါးစိုက်ပျိုးဖြစ်ထွန်းအောင် ကြိုးပမ်းရမည် ဖြစ်သည်။

ဆီအုန်းစိုက်ခင်းများတည်ရှိရာ နယ်မြေတစ်လျှောက်၌ ယခင်ကာလများနှင့်မတူတော့ဘဲ ကားလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းစသည်ဖြင့် လမ်းပန်းဆက်သွယ်မှု အခြေခံများကို နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းထူထောင် ပေးထားပြီးဖြစ်ရာ ဆက်သွယ်သွားလာမှု၊ ကုန်စည်ပို့ဆောင်မှုတို့အတွက် များစွာ အဆင်ပြေသွားပြီဖြစ်သည်။

သို့ဖြစ်ရာ ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းရှင်များအနေဖြင့် ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြခြင်းဖြင့် တိုင်းပြည်အပေါ် စေတနာထား တုံ့ပြန်သွားကြရန်နှင့် ၂၀၀၇-၂၀၀၈ခုနှစ်တွင် နိုင်ငံတော်၌ စားသုံးဆီ ဖူလုံရမည်ဟူသည့် မျှော်မှန်းချက် အောင်မြင်ရေးအတွက် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများကို ဖိဖိစီးစီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ထွန်းရေးဖော်ဆောင်မည့် အမျိုးသားညီလာခံတွင် တောင်သူလယ်သမားကိုယ်စားလှယ်များ တက်ကြွစွာပါဝင်

✳ တောင်သူလယ်သမားနေ့သဝဏ်လွှာမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် ဖြစ်ပေါ်လာရေး အတွက် အမျိုးသားစီးပွားရေးဘဝ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာအောင် စီးပွားရေးမူဝါဒများ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပထဝီဝင်အနေအထား၊ ရာသီဥတု အခြေအနေနှင့် လူ့စွမ်းအားအရင်းအမြစ်များ တည်ရှိမှုအရ လယ်ယာစိုက်ပျိုးရေးကဏ္ဍကိုအခြေခံပြီး စက်မှုကဏ္ဍ၊ သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ စသည့် စီးပွားရေးကဏ္ဍများအားလုံး ဘက်စုံတိုးတက်ဖြစ်ထွန်းလာရေးအတွက် ကာလတို စီးပွားရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်လျက် ရှိပါသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ကြီးမားသော ကုန်ထုတ်လုပ်မှု ကဏ္ဍကြီးဖြစ်သည့် အလျောက် ယင်းကဏ္ဍထုတ်လုပ်မှု တိုးတက်အောင်မြင်ရေးကို အစဉ်တစိုက် အလေးပေးဆောင်ရွက် လျက်ရှိသည်နှင့်အညီ လယ်ယာစိုက်ပျိုးရေးကဏ္ဍတိုးတက်ဖြစ်ထွန်းရေးတွင် အဓိကလိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်း တာတမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေ ရရှိရေးလုပ်ငန်းများကို နိုင်ငံတော်က ဘဏ္ဍာငွေအမြောက်အမြား ကျခံသုံးစွဲ၍ တစ်နိုင်ငံလုံးဖြန့်ကြက် တည်ဆောက်ပေးလျက် ရှိပါသည်။

၁၉၈၈ ခုနှစ်မှ ယခုအချိန်အထိ ဆည်မြောင်းတာတမံ ၁၅၇ခုကို ဘဏ္ဍာငွေကျပ်သန်းပေါင်း ၆၈၈၈၀ကျော် အကုန်အကျခံ တည်ဆောက်ပေးခဲ့ပြီး လယ်ယာမြေဧက ၂ ဒသမ ၁၅ သန်းခန့်ကို အကျိုးပြုလျက် ရှိပါသည်။ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများတွင် မြစ်ရေတင်စီမံကိန်းများဖြည့်စွက် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် နိုင်ငံအနှံ့ တစ်ကွင်းတစ်စပ်တည်း မြစ်ရေတင်လုပ်ငန်းပေါင်း ၂၆၅ခု ဖြစ်ထွန်းလာပြီး လယ်ယာမြေဧက သုံးသိန်းခန့် တိုးမြှင့်အကျိုးပြုလျက် ရှိပါသည်။

ယင်းသို့ နိုင်ငံတော်အစိုးရက စိုက်ပျိုးရေတိုးတက်ရရှိရေးကို ဘက်ပေါင်းစုံမှကြိုးဆ၍ နိုင်ငံနှင့်အဝန်း စီမံဆောင်ရွက်ပေးခဲ့သဖြင့် လည်းကောင်း၊ ပလပ်မြေများ၊ မြေလွတ်မြေရိုင်းများ၊ ရေကြီးကွင်း၊ရေနက် ကွင်းများကို နည်းမျိုးစုံဖြင့် ဖော်ထုတ်စိုက်ပျိုးစေခြင်းကြောင့် လည်းကောင်း၊ ရွှေ့ပြောင်း တောင်ယာ များအား လှေကားထစ်လယ်ယာများအဖြစ် ပြောင်းလဲဆောင်ရွက်သည့် ကုန်းမြင့်ဒေသ လယ်ယာမြေ ဖော်ထုတ်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကြောင့် လည်းကောင်း၊ သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရန် အဘက်ဘက်မှ ပံ့ပိုးကူညီပေးခြင်းကြောင့်လည်းကောင်း သီးနှံစိုက်ပျိုးသည့် ဧရိယာများ တိုးပွားများပြား လာခြင်းနှင့်အတူ သီးနှံစိုက်စွမ်းအားမှာလည်း ၁၅၀ရာခိုင်နှုန်းအထိ တိုးတက်လာမှုကြောင့် စုစုပေါင်း စိုက်ဧက ၃၉ဒသမ၉သန်းအထိ ရှိခဲ့ပြီဖြစ်ပါသည်။

ထိုသို့ တိုးတက် များပြားလာသည့် စိုက်ပျိုးမြေများကို အပြည့်အဝအသုံးချ ထုတ်လုပ်နိုင်ရေးအတွက် ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းတို့ကို စက်ကိရိယာအင်အား သုံးစွဲလုပ်ကိုင်သည့် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရန် လိုအပ်လာသည်နှင့်အညီ နိုင်ငံတော်ပိုင်းနှင့် ပုဂ္ဂလိကပိုင်း တို့က လယ်ယာသုံးစက်ကိရိယာများကို အရှိန်အဟုန်ဖြင့်တိုးတက်ထုတ်လုပ်ရေးအတွက် အစီအမံများ ချမှတ် ဆောင်ရွက်လာရပါသည်။

နိုင်ငံတော်၏ အဓိကသီးနှံဖြစ်သော စပါးကို တောင်သူလယ်သမားကြီးများ၏ အကျိုးစီးပွား အလို့ငှာလည်းကောင်း၊ ဈေးကွက်စီးပွားရေးစနစ်ကို အထောက်အကူပြုစေရန်လည်းကောင်း ယခုနှစ်မှ စ၍ နိုင်ငံတော် အစိုးရက တိုက်ရိုက်ဝယ်ယူခြင်းမပြုတော့ဘဲ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားခွင့် ပြုထားပြီးဖြစ်ပါသည်။ တောင်သူလယ်သမားကြီးများအပါအဝင် ဆန်စပါးလုပ်ငန်းနှင့် ဆက်စပ်နေသော ပြည်သူများ၏ လိုလားချက်နှင့် အညီ တောင်သူလယ်သမားကြီးများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ စွမ်းအားကိုမြှင့်တင် ဖော်ဆောင် ပေးသည့်အနေဖြင့် ယခုကဲ့သို့ ဆန်စပါးရောင်းဝယ်ရေးမူဝါဒသစ်ကို ချမှတ်ကျင့်သုံးလိုက်ခြင်း ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားကြီးများ အပါအဝင် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး အကျိုးအတွက် စိုက်ပျိုးမြေများ တိုးချဲ့ရေး၊ စိုက်ပျိုးရေဖူလုံစွာရရှိရေး၊ သီးနှံအထွက်တိုးရန် ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ၊ စိုက်ပျိုးရေးနည်းပညာနှင့် သီးနှံမျိုးများ ပံ့ပိုးပေးကာ စက်ကိရိယာသုံးစွဲစိုက်ပျိုးနည်းစနစ်ဖြင့် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးတို့ကို ဆက်လက်၍ အထူးအလေးထားဆောင်ရွက်ပေးရန် စီမံထားပြီးလည်း ဖြစ်ပါသည်။

တောင်သူလယ်သမားကြီးများ အနေဖြင့်လည်း နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး တိုးတက် ဖြစ်ထွန်းအောင် စီမံဆောင်ရွက်ပေးနေသည့် အခြေအနေ အချိန်အခါကောင်းကိုရယူအသုံးချပြီး မိမိတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့် နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု ရည်မှန်းချက်များ ပြည့်ဝအောင်မြင်ရေးအတွက် ကြိုးစားလုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။

ချစ်ကြည်လေးစားအပ်သော တောင်သူလယ်သမားကြီးများခင်ဗျား-

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒအပေါ် တွင် မြဲမြဲစွာရပ်တည်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနှင့် အမျိုးသားစည်းလုံး ညီညွတ်မှုတို့ ခိုင်မာအောင် တည်ဆောက်လျက်ရှိပါသည်။

ရှေ့ဆက်လက်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်နိုင်ရေးကိုဦးတည်ပြီး ကမ္ဘာ့နိုင်ငံအများအပြားနှင့် တိုင်းရင်းသား ပြည်သူများက လှိုက်လှဲစွာကြိုဆိုလျက်ရှိသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို စတင်အကောင်အထည် ဖော်လျက်ရှိနေပြီ ဖြစ်ပါသည်။

အဆိုပါ မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ပေါ်ထွန်းရေးကို ဖော်ဆောင်မည့် အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပရာတွင် တောင်သူလယ်သမား ကိုယ်စားလှယ်ကြီးများက တက်ကြွစွာပါဝင်ကြပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ထွန်းရေး အမျိုးသားရေးတာဝန်ကြီးကို အောင်မြင်ပြီးမြောက်သည်အထိ ကြိုးပမ်းထမ်းဆောင်သွားကြပါရန် တိုက်တွန်းအပ်ပါသည်။

အလားတူစွာပင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါဖြင့် အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုလျက် နိုင်ငံတော်၏အဓိကစီးပွားရေးကဏ္ဍကြီးဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအပြင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးတို့ကို တောင်သူ လယ်သမားကြီးများအားလုံးက အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ တိုင်းရင်းသား ပြည်သူအပေါင်းတို့ နှင့် အတူ လက်တွဲကြိုးပမ်းအကောင်အထည်ဖော်ကြပါရန် လေးနက်စွာတိုက်တွန်းအပ်ပါသည်။ ။



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ ၂၈ရက်က တောင်ကုတ်မြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ သံတွဲခရိုင်နှင့် တောင်ကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

● ***ကျော့ဖုံးမှ***

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များအား ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ ကျောက်ဖြူခရိုင်နှင့် အမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး လိုက်ပါလျက် တောင်ကုတ်မြို့သို့ ရောက်ရှိကြရာ တောင်ကုတ်တပ်နယ်မှူး ဗိုလ်မှူးကြီးမြင့်စိုး၊ သံတွဲခရိုင်နှင့် တောင်ကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘိုးဘွားရိပ်သာအလှူရှင်များ၊ ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မောင်ဦးနှင့် ဘိုးဘွားရိပ်သာအလှူရှင် သီရိသုဓမ္မမဏိဇောတဓရ ဦးခင်မောင်ဝင်းတို့က ရွှေမေတ္တာဘိုးဘွားရိပ်သာကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေမေတ္တာ ဘိုးဘွားရိပ်သာ မော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ရွှေမေတ္တာဘိုးဘွား ရိပ်သာဖွင့်ပွဲ အစီအစဉ်ကို ရွှေမေတ္တာ

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရွှေမေတ္တာဘိုးဘွားရိပ်သာရှိ ဘိုးဆောင်၊ ဘွားဆောင်၊ ထမင်းစားဆောင်နှင့် ခမ္မာရုံတို့ကို လှည့်လည်ကြည့်ရှုကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုးရွာ

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဖွင့်ပွဲအထိမ်းအမှတ် အောင်မြင်ခြင်းအဖြစ် ရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးသည်။

ဘိုးဘွားရိပ်သာအလှူရှင် သီရိသုဓမ္မမဏိဇောတဓရ ဦးခင်မောင်ဝင်း၊ ဒေါ်စိုးမိုးသူ မိသားစုက ငွေကျပ်သိန်း ၇၅၀ အကုန်အကျခံကာ ဘိုးဘွား (၄၀)ဆံ့ တောင်ကုတ်မြို့ ရွှေမေတ္တာ ဘိုးဘွားရိပ်သာ အဆောက်အအုံများကို ဆောက်လုပ်လှူဒါန်းကြခြင်းဖြစ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်

ကျောင်းခန်းမ၌ သံတွဲခရိုင်နှင့် တောင်ကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင်က သံတွဲခရိုင်၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ မိုးစပါး စိုက်ပျိုးမှု၊ အထွက်နှုန်းနှင့် အထွက်တင်းပေါင်း၊ မိုးစပါး တိုးချဲ့စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်မှု၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ ငရုတ်ကောင်းစိုက်ပျိုးထားမှု၊ တောင်ကုတ်မြို့ သောက်သုံးရေရရှိရေးအတွက် ဝက်ကျိတ်ဆည်တည်ဆောက်နေမှု၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အတွက် ဝက်ကျိတ်ဆည်တည်ဆောက်နေမှုလုပ်ငန်း၊ တောင်ကုတ်မြို့အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်မှုလုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်ပေးပြီး တောင်ကုတ်မြို့နယ်ရှိ အခြေခံပညာကျောင်းများအနက် အထက်တန်းကျောင်းနှစ်ကျောင်း၊ အထက်တန်းကျောင်းခွဲနှစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲတစ်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ခြင်းကိုလည်းကောင်း၊ အမ်းမြို့နယ်ပြည်သူ့ဆေးရုံကို (၂၅)ခုတင်ဆံ့မှ ခုတင်(၅၀)ဆံ့ ဆေးရုံအဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ပေးခြင်းကို ဆောင်ရွက်ပေးသည်။

ဆက်လက်၍မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တောင်ကုတ်မြို့ အခြေခံပညာအထက်တန်းကျောင်း အတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအားပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် တောင်ကုတ်မြို့နယ်သည်ရခိုင်ပြည်နယ်၏ တံခါးပေါက်သဖွယ် အချက်အချာကျသည့် ဒေသဖြစ်သည့်အပြင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းတို့ဖြင့် အသင့်အတင့် စီးပွားဖြစ်ထွန်းမှုရှိသည့် ဒေသလည်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

ဖြည့်ဆည်းပေးလျက်ရှိ

နိုင်ငံတော်အနေဖြင့် တောင်ကုတ်မြို့နယ်အပါအဝင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသနေပြည်သူများ လူနေမှုဘဝ တိုးတက်မြင့်မားရေးတို့အတွက် အထောက်အကူဖြစ်စေမည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ အခြေခံအကျိုးစီးပွားများကိုဖြည့်ဆည်း စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက် နိုင်ငံတော်က လမ်း၊ တံတားများစွာကို တည်ဆောက်ပေးလျက်ရှိကြောင်း၊ လွန်ခဲ့သည့်သုံးနှစ်ခန့်ကပင် ရန်ကုန်–စစ်တွေလမ်းမကြီးကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ရန်ကုန်မှ စစ်တွေ လမ်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် ကိုယ်တိုင် သွားရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ယခုအချိန်ထိ နိုင်ငံတော်က ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်၍ ကတ္တရာလမ်း ၅၃၇မိုင် အပါအဝင် ကျောက်ချောလမ်း၊ အမာခံလမ်း၊ မြေသား

လမ်း စုစုပေါင်း လမ်းမိုင်အရှည် ၈၉၄ မိုင်ဖောက်လုပ်ခဲ့ပြီး ဖြစ်ကြောင်း၊ လမ်းဖောက်လုပ်ရာတွင် လမ်းကြောင်း တံတားများအနေဖြင့် ၂၅၁၃ပေ အရှည်ရှိ ကစ္စပနဒီတံတား၊ ၂၀၀၃ပေအရှည်ရှိ မင်းချောင်းတံတားကြီးများ အပါအဝင် ပေ ၁၈၀ အထက် တံတားကြီးစာရင်းဝင်တံတားပေါင်း ၂၇စင်း တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်ပြီး ၂၇၀၄ ပေအရှည်ရှိ မင်းချောင်းတံတား၊ ၁၁၅၄ပေအရှည်ရှိ လုံးတော်ပေါက်တံတားများ အပါအဝင်တံတားကြီး ငါးစင်းကိုလည်း တည်ဆောက်ပေးလျက် ရှိနေသကဲ့သို့ ဆက်လက်ပြီး တံတားကြီးလေးစင်းကိုလည်း တည်ဆောက်ရန်လျာထားပြီး ဖြစ်ကြောင်း၊ ထို့ပြင် ရခိုင်ပြည်နယ်အတွင်း တည်ဆောက်ပေးထားသည့် တံတားအလတ်စား၊ အသေးစားများမှာ ရာချီရှိကြောင်း။

ခဲရာခဲဆစ်ဖောက်လုပ်

ယခုအချိန်တွင် စစ်တွေမှ ရန်ကုန်မြို့သို့ စစ်တွေ–မြောက်ဦး–အမ်း–မင်းဘူး–မကွေးလမ်းမကြီးဖြင့်လည်းကောင်း၊ စစ်တွေ–အမ်း–တောင်ကုတ်–ပန်းတောင်း– ပြည်လမ်းမကြီးဖြင့် လည်းကောင်း၊ စစ်တွေ–အမ်း–တောင်ကုတ်–သံတွဲ–ဂွ–ငသိုင်းချောင်းလမ်းမကြီးဖြင့် လည်းကောင်း မောင်တော်ယာဉ်ခရီးဖြင့် တောက်လျှောက်သွားလာနိုင်ပြီ ဖြစ်ကြောင်း။

ထို့ပြင် ရန်ကုန်–ကျောက်ဖြူလမ်းမကြီးကိုလည်း ဖောက်လုပ်ပေးလျက်ရှိရာ ယင်းလမ်းမကြီးပေါ်ရှိ မအီ–ကျောက်ဖြူလမ်းပိုင်းရှိ ရွှံ့ညွန်တောကြီးကို ခေတ်မီ Geotextile နည်းဖြင့် နိုင်ငံခြားငွေများပါ အကုန်အကျခံကာ ခဲရာခဲဆစ် ဖြတ်ကျော်ဖောက်လုပ်ပေးလျက်ရှိကြောင်း။

မိမိတို့ တာဝန်ယူသည့်အချိန်ကာလတွင် ရန်ကုန်မြို့တော်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့များဆက်သွယ်သွားလာနိုင်သည့် လမ်းကြောင်းများ ထူးထူးခြားခြား ပေါ်ပေါက်လာအောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ကဲ့သို့ပင် အခြားသောပြည်နယ်၊ တိုင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနေပြည်သူများ၏ လူမှုရေး၊ စီးပွားရေးကို အထောက်အကူပြုသည့် အခြေခံအဆောက်အအုံ များစွာကိုလည်း တစ်ချိန်တည်း တစ်ပြိုင်တည်း တည်ဆောက်ပေးလျက်ရှိကြောင်း။

ထို့အပြင် ရခိုင်ပြည်နယ်အတွင်း နေထိုင်သည့် တိုင်းရင်းသားများ၏ ပညာရေးအခွင့်အလမ်းများ တိုးတက်

စာမျက်နှာ ၁၀ ကော်လံ ၁

ဘိုးဘွားရိပ်သာဖွင့်

ရခိုင်ပြည်နယ် တောင်ကုတ်မြို့ ရွှေမေတ္တာဘိုးဘွားရိပ်သာဖွင့်ပွဲ၊ ရေစက်ချပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မွန်းလွဲ ၁၂ နာရီခွဲတွင် အဆိုပါဘိုးဘွားရိပ်သာ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တောင်ကုတ်မြို့ ကိုင်းရှည်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သူရိယဓဇ၊ ရွှေမေတ္တာဘိုးဘွားရိပ်သာ နာယကချုပ် ဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒအမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး

ခမ္မဗိမာန်၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်တို့အား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ရွှေမေတ္တာဘိုးဘွား ရိပ်သာအလှူရှင် သီရိသုဓမ္မမဏိဇောတဓရ ဦးခင်မောင်ဝင်း–ဒေါ်စိုးမိုးသူ မိသားစုတို့က ဘိုးဘွားရိပ်သာထာဝရငွေပဒေသာပင်အတွက် ငွေကျပ်သိန်း ၁၀၀၊ တောင်ကုတ်မြို့ အခြေခံပညာ အထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်မှုလုပ်ငန်းအတွက် ငွေကျပ်သိန်း ၅၀နှင့် ရမ်းဗြဲမြို့နယ် ကျောက်နီမော် အခြေခံပညာ အထက်တန်း ကျောင်းဆောင်သစ်အတွက် ငွေကျပ် သိန်း၅၀ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ကို တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးထံ ပေးအပ်လှူဒါန်းသည်။

တောင်ကုတ်မြို့ ရွှေမေတ္တာဘိုးဘွားရိပ်သာအဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တောင်ကုတ်မြို့ အခြေခံ ပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအကျိုးဆောင် အဖွဲ့ဝင်များ၊ ကျောင်းအုပ် ဆရာမကြီး ဒေါ်ညွန့်ရွှေနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက ကြိုဆိုကြသည်။

သုံးထပ်ကျောင်းဆောင်စစ်ဆေး

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တောင်ကုတ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ တည်ဆောက်ဆဲ သုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်မှု လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တောင်ကုတ်မြို့ အခြေခံပညာအထက်

ထို့နောက် တောင်ကုတ်မြို့ အခြေခံ ပညာအထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းက စာသင်ခန်းခြောက်ခန်းတွဲ သုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်နေမှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်နေသော လုပ်ငန်းများနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

အဆင့်တိုးမြှင့်ပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် တင်ပြချက်များကို စိစစ်ပြီး တောင်ကုတ်မြို့ သောက်သုံးရေရရှိရေး

အမေရိကန်သမ္မတ ဘုရှ် နှင့် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲအား အီရတ်၌ လူအများအပြားသတ်ဖြတ်မှုဖြင့် သည်ဟိဂ်တရားရုံး၌ တရားစွဲဆိုမည်ဟုဆို

လန်ဒန် မတ် ၁

ဗြိတိသျှဝန်ကြီးချုပ်တိုနီဘလဲနှင့် အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ်တို့ကို သည်ဟိဂ်နိုင်ငံတကာ ရာဇဝတ်မှုတရားရုံးတွင် လူအများအပြားကို သတ်ဖြတ်မှုဖြင့် တရားစွဲရန် ရည်ရွယ်ထားကြောင်း အီရတ်ကို အမေရိကန်ဦးဆောင်သည့် ကျူးကျော်တိုက်ခိုက်မှုအားဆန့်ကျင်သော အုပ်စုများအဖွဲ့က ပြောကြားသည်။

သူတို့သည် အီရတ်လူမျိုး၂၀၀၀၀ကို သတ်ဖြတ်ခဲ့ကြကြောင်း၊ အီရတ်နိုင်ငံကို တိုက်ခိုက်ပြီးအီရတ်တို့ကိုသတ်ဖြတ်ရန် ဆုံးဖြတ်ခဲ့ကြသော ဘုရှ်၊ ဘလဲနှင့် အခြားအပေါင်းပါများကို မိမိတို့သေချာပေါက်တရားစွဲမည်ဖြစ်ကြောင်း စစ်ဆန့်ကျင်ရေးအပေါင်းပါအုပ်စု၏ပြောရေးဆိုခွင့်ရှိသူ ခရစ်(စ)ကို ဗာဒေးလ်က ပြောကြားသည်။

ပြင်ဆင်

အဆိုပါစစ်ဆန့်ကျင်ရေးအပေါင်းပါအုပ်စုကို ၂၀၀၁ ခုနှစ် စက်တင်ဘာလ၌ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ယင်းအုပ်စုအား ထောက်ခံသူ ၆၀၀ခန့်သည် အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ခဲ့သော နှစ်ပတ်လည်နေ့ဖြစ်သည့် မတ်၂၀ရက်တွင် လန်ဒန်မြို့၌ လူထုဆန္ဒပြပွဲကျင်းပရန် ပြင်ဆင်လျက်ရှိသည်။

တောင်းဆို

လွန်ခဲ့သည့်နှစ် လူတစ်သန်းခန့်သည် လန်ဒန်၌ စစ်ဆန့်ကျင်ရေးဆန္ဒပြခဲ့ကြသည်။ စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးပေးရန် ရဲအဖွဲ့နှင့် ရှေ့နေချုပ် လော့ဒ်ဂိုးလ်စမစ်တို့ကို စစ်ဆန့်ကျင်ရေးအပေါင်းပါအဖွဲ့က တောင်းဆိုထားကြောင်း မစ္စတာကိုဗာဒေးလ်က ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း

နိုင်ငံတကာသတင်းများ

ဖယ်ရှားရှင်းလင်း

ဖေဖော်ဝါရီ ၂၈ရက်က မိုဆူးလ်မြို့တွင် မပေါက်ကွဲသေးသောဗုံးတစ်လုံးကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ဖယ်ရှားရန် ရှင်းလင်း ဆောင်ရွက်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၂၈ရက်က ကယ်ကွတ်မြို့တွင် အမေရိကန်တို့ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဆန့်ကျင်ဆန္ဒပြနေသော အီရတ်ပြည်သူများကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မိုဆူးလ်တွင် ခုခံတိုက်ခိုက်ရေးသမားများက ပစ်ခတ်ကန်တို့နှင့်ပူးပေါင်းသူ အီရတ်ရဲတစ်ဦးသေဆုံး

မိုဆူးလ် ဖေဖော်ဝါရီ ၂၈

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် ညပိုင်း၌ အသစ်တစ်ဖန်ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုတွင် အမေရိကန်တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အီရတ်ရဲတပ်ဖွဲ့ဝင်တစ်ဦး သေနတ်ပစ်ခံရ၍ သေဆုံးသွားပြီး အီရတ်နှစ်ဦးလည်း သေဆုံးသွားသည်ဟု ရဲအဖွဲ့နှင့်အမေရိကန်စစ်တပ် သတင်းရပ်ကွက်များက ပြောကြားသည်။

တိုက်ခိုက်ရေးသမား လေးဦးသည် မိုဆူးလ်မြို့တွင် ကားတစ်စီးနှင့်မော်တော် ဆိုင်ကယ်တစ်စီးဖြင့် အီရတ်ရဲတပ်ဖွဲ့၏ ယာဉ်အချက်ပြနေရာသို့ ဦးတည်မောင်းလာကာ ပစ်ခတ်ခဲ့ကြောင်း၊ အမေရိကန်ကင်းလှည့်အဖွဲ့က ပြန်ပစ်ခတ်ခဲ့ကြောင်း စစ်တပ်၏သတင်း ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ထိုသို့ အီရတ်ရဲအဖွဲ့နှင့်အတူ ကင်းစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များက ပြန်ပစ်ခတ်မှုကြောင့် တိုက်ခိုက်ရေးသမားနှစ်ဦး သေဆုံးခဲ့ ခြင်းဖြစ်သည်ဟု ကြေညာချက်၌ ဖော်ပြထားသည်။

ဖမ်းဆီး

ထို့ပြင် မိုဆူးလ်မြို့၌ လက်လုပ်ဗုံးတစ်လုံးကို ရှာဖွေရေးလုပ်စဉ်အတွင်း တွေ့ရှိခဲ့သဖြင့် အမေရိကန်တပ်များက မသင်္ကာသည်ဟုဆိုပြီး အီရတ်လေးဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း ပြောဆိုသည်။ **(အင်တာနက်)**

တရုတ်တိုင်းရင်းဆေးများ ဒဗလျူအိပ်ချ်အို သုတေသီများထောက်ခံ

ပေကျင်း ဖေဖော်ဝါရီ ၂၉

တရုတ်ရိုးရာ တိုင်းရင်းဆေးများသည် ဆားစ်ရောဂါကို တိုက်ဖျက်ရာ၌ အရေးပါထိရောက်မှုရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဒဗလျူအိပ်ချ်အိုမှ သုတေသီများက ထောက်ခံချက်ပေးလိုက်ပြီဖြစ်သည်။ ဆားစ်ရောဂါအား တရုတ်ရိုးရာတိုင်းရင်းဆေးများ၏ အကျိုးသက်ရောက်မှုဆိုင်ရာ နိုင်ငံတကာ နှီးနှောဖလှယ်ပွဲတစ်ရပ်ကို ယမန်နေ့ကကျင်းပခဲ့ရာ အဆိုပါအစည်းအဝေးသို့ နိုင်ငံနှင့်ဒေသပေါင်း ၁၅ခုမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

တရုတ်ရိုးရာတိုင်းရင်းဆေးနှင့် အနောက်တိုင်းဆေးဝါးများပေါင်းစပ်ကုသအောင်မြင်သည့် တရုတ်နိုင်ငံ၏ အောင်မြင်မှုသည် အခြားသောနိုင်ငံများအတွက် ကိုးကားအတုယူဖွယ်ရာဖြစ်ကြောင်း သုတေသီများက ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးတွင် တရုတ်ရိုးရာကုထုံးများအသုံးပြုတိုက်ဖျက်ရေး ဆွေးနွေးတင်ပြကြသကဲ့သို့ သုတေသနပြုစမ်းသပ်မည့်နေရာများနှင့်ဆေးခန်းများ၌ကုသမှုပေးရေးအပိုင်းတို့အတွက်ပါ တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။ **(စီစီတီဗွီ)**

အီရတ်သို့ ကုလအမှုထမ်းများပြန်သွားရေး ကုလသမဂ္ဂအထူးသံတမန် ငြင်းပယ်

ဘဂ္ဂဒက် မတ် ၁

အီရတ်နိုင်ငံ၏ ရွေးချယ်ပွဲလုပ်ငန်းစဉ်တွင်ပါဝင်ဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ကုလသမဂ္ဂကပြောဆိုပြီးနောက် သုံးရက်အကြာ၌ ဘဂ္ဂဒက်သို့ နိုင်ငံခြားအမှုထမ်းများ ပြန်သွားရေးကိစ္စကို အီရတ်ဆိုင်ရာကုလသမဂ္ဂ သံတမန်က ယမန်နေ့၌ ငြင်းပယ်လိုက်သည်။

ကုလသမဂ္ဂ၏အမှုထမ်းများကို အီရတ်သို့ ပြန်စေလွှတ်လိုသော်လည်း လုံခြုံရေး အခြေအနေပေါ် မူတည်သည်ဟု အီရတ်ဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် ရော့စ်မောင်းတိန်းက ပြောကြားသည်။

ပြောကြား

မိမိ ဘဂ္ဂဒက်၌ ဇူလိုင်လတွင်စတင်ရောက်ခဲ့ချိန်မှစပြီး လုံခြုံရေး အခြေအနေသည် အဓိက စဉ်းစားစရာဖြစ်လာကြောင်း ဘဂ္ဂဒက်သို့ ရောက်ပြီး ဒုတိယနေ့တွင်၎င်းကပြောကြားသည်။

ယုံကြည်

အနည်းဆုံး ၂၀၀၅ခုနှစ်စပိုင်းထိတိုင်အောင်ရွေးချယ်ပွဲကိုရွှေ့ဆိုင်းမည့်ထောက်ခံချက်အား ကိုဖီအာနန်က တနင်္လာနေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် ရော့စ်မောင်းတိန်းက ထောက်ခံချက်အပေါ် အီရတ်နိုင်ငံရေး မြင်ကွင်းပေါ် ရှိသူများအားလုံး ကောင်းစွာနားလည် သဘောပေါက်ကြမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

အီရတ် ဥပဒေမူကြမ်း ရေးဆွဲရေး အခက်အခဲ များစွာရှိနေ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၉

အီရတ်နိုင်ငံ၌ နိုဝင်ဘာလက ရရှိခဲ့သော သဘောတူညီချက်အရ ယမန်နေ့ညသန်းခေါင်အချိန်ကို နောက်ဆုံးထားပြီး လွှဲပြောင်းရေးကာလ ဥပဒေမူကြမ်းအား အပြီးရေးဆွဲရမည်ဖြစ်သည်။

သို့ရာတွင် အီရတ်နိုင်ငံအရေးကိစ္စများ၌ ကာ့ဒ်တို့၏ တောင်းဆိုမှုများကြောင့် ကြားဖြတ်အစိုးရအဖွဲ့ ဥပဒေမူကြမ်း မရေးဆွဲနိုင်ဖြစ်ခဲ့ရသည်။

ပြောကြား

သို့သော်လည်း ဥပဒေရေးဆွဲရေးအတွက် သဘောတူညီချက်ရရှိရန် အလားအလာကောင်းကြောင်း အီရတ်အုပ်ချုပ်မှုကောင်စီအဖွဲ့ဝင်များက အခိုင်အမာ ပြောကြားလျက်ရှိသည်။

ထိုးနှက်

ကြားဖြတ်အစိုးရအဖွဲ့ ဥပဒေမူကြမ်း ရေးဆွဲရေးနှောင့်နှေးမှုသည် အမေရိကန်တို့စီစဉ်ထားသည့်အတိုင်း အီရတ်တို့ထံ အချုပ်အခြာအာဏာလွှဲပြောင်းရေး နှောင့်နှေးစေမည့် နောက်ထပ်ထိုးနှက်ချက်သဖွယ်ဖြစ်ခဲ့သည်ဟု ဆိုသည်။

အချိန်ကြာမည်

အဆိုပါဥပဒေမူကြမ်း ရေးဆွဲမပြီးသေးခြင်းကြောင့် အီရတ်အုပ်ချုပ်ရေးကောင်စီဝင် များသည် အချိန်ပြည့် တာဝန်ထမ်းဆောင်နေရကြောင်း၊ ၎င်းတို့ရင်ဆိုင်တွေ့ကြုံနေရသော အခက် အခဲများသည် မလွယ်ကူလှခြင်းကြောင့် ဖြေရှင်းကျော်လွှားနိုင်အောင် အချိန်ကြာကြာယူရမည် ဖြစ်ကြောင်း အီရတ်အုပ်ချုပ်ရေးကောင်စီဝင်တစ်ဦးဖြစ်သူ မိုဝါဖာအယ်လ်ဂူဘေအီက ပြောကြား လိုက်သည်။ **(စီအင်န်အင်န်)**

အီရတ်ကို ကျူးကျော်စစ်ပွဲဆင်နွှဲခဲ့ကြသည့် ဘုရှ်နှင့် ဘလဲ လူအများကိုသတ်ဖြတ်နေသည့် လူသတ်သမားကြီးများဖြစ် ဩစတြေးလျအသံလွှင့်ကော်ပိုရေးရှင်းက ထုတ်လွှင့်ဖော်ပြ

ဆာမာဝါ၌ ကန်တပ်ဖွဲ့ဝင်များက အီရတ်မော်တော်ယာဉ်ကိုပစ်ခတ် အပြစ်မဲ့အီရတ်ပြည်သူများ သေကျေဒဏ်ရာရ

လုံခြုံရေးစောင့်ကြပ်

ဖေဖော်ဝါရီ ၂၉ ရက်က ကာဘာလာမြို့၌ လုံခြုံရေးစောင့်ကြပ်နေသော ပိုလန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ကို ကျူးကျော်ခဲ့သည့် ဘုရှ်နှင့် ဘလဲတို့အားလူသတ်သမားကြီးများ ဖြစ်သည်ဟု အီရတ်စစ်ပွဲဆန့်ကျင်ရေးအဖွဲ့က ပြောကြားခဲ့သည်ကို ဩစတြေးလျအသံလွှင့်ဌာနက ဖေဖော်ဝါရီ ၂၉ရက်တွင် ဩစတြေးလျနိုင်ငံ၌ စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲ ပြုလုပ်ခဲ့စဉ်အတွင်း ရိုက်ကူးခဲ့သော ပုံဖြင့် ဖော်ပြထားသည်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၂၉ရက်က ဘဂ္ဂဒက်မြို့မြောက်ဘက် ခါဒီမီယာမြို့၌ ကင်းလှည့်နေသော အမေရိကန်သံချပ်ကာယာဉ်ရှေ့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသော အီရတ်လူငယ်တို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း အီရော်မြင်ကွင်း

ဖေဖော်ဝါရီ ၂၈ ရက်က ဘာဆာရာမြို့၌ လုံခြုံရေးအခြေအနေတည်ငြိမ်မှု မရှိသေးသဖြင့် သတိဖြင့်သွားလာနေသော အီရတ်သားအမိနှစ်ဦးအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ခွဲစိတ်ကုသ

အီရတ်နိုင်ငံတောင်ပိုင်း ဆာမာဝါမြို့မှ ကိုးမိုင်အကွာ ရူမေသာသို့ အမေရိကန်စစ်ယာဉ်တန်း ဖြတ်သန်း သွားစဉ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ က အီရတ်မော်တော်ယာဉ်တစ်စီးအားပစ်ခတ်ရာဒဏ်ရာပြင်းထန်စွာရရှိသွားသော အပြစ်မဲ့ အီရတ်ပြည်သူတစ်ဦးအားဆာမာဝါမြို့ ဆေးရုံပေါ်တွင် ဖေဖော်ဝါရီ ၂၉ရက်က ခွဲစိတ်ကုသပေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လိုအပ်သည်များ မှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘုတ်ပြင်းမြို့နယ် ကျောက်ထနောင်းတပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအား လိုအပ်သည်များ မှာကြားစဉ်။

(သတင်းစဉ်)

■ *ကျောဖုံးမှ*

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို မှာကြားပြီး တပ်မတော်သားများနှင့် မိသားစုဝင်များအား နှုတ်ဆက်အားပေးသည်။

ထို့မှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ညနေ ၃ နာရီတွင် ရဟတ်ယာဉ်များဖြင့် ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့သို့ ရောက်ရှိကြရာ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးတင်မောင်ညွှန့်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံများက ကြိုဆိုကြသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် ကရသူရိမြို့ ဧည့်ရိပ်သာ၌ ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူများက ကရသူရိမြို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကိုမှာကြားပြီး မိသားစုများ၊ ဌာနဆိုင်ရာများ၊ ဒေသခံများအား နှုတ်ဆက်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ဘုတ်ပြင်းမြို့သို့ရောက်ရှိကြရာ ဘုတ်ပြင်းတပ်နယ်မှ စစ်ဦးစီးမှူး (ပထမတန်း) ဒုတိယဗိုလ်မှူးကြီးခင်မောင်ချို၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ပေးအပ်လှူဒါန်း

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ညပိုင်းတွင် ဘုတ်ပြင်းမြို့ ရာဇာမုနိ ဆုတောင်းပြည့်စေတီတော်သို့ သွားရောက် ကြည်ညိုကြပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စေတီတော်အတွက်အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အတုလာဓိပတိ မဟာမုနိရွှေသာလျောင်း ဗုဒ္ဓရုပ်ပွားတော်သို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက်ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘုတ်ပြင်းတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး မေးမြန်းနှုတ်ဆက်အားပေးစဉ်။

(သတင်းစဉ်)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီတွင် ဆက်လက်ခရီးမထွက်ခွာမီ ဘုတ်ပြင်းတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး မေးမြန်းနှုတ်ဆက်အားပေးသည်။

တွေ့ဆုံမှာကြား

နံနက် ၇ နာရီတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးတို့သည် တပ်မတော်အရာရှိကြီးများနှင့်အတူ ဘုတ်ပြင်းတပ်နယ် အစည်းအဝေးခန်းမ၌ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များကိုမှာကြားကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့သွားရောက်ကြပြီး သပြေခန်းမ၌ ဘုတ်ပြင်းမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

စာမျက်နှာ ၇ ကော်လံ ၁

တနင်္သာရီတိုင်း ထားဝယ်မြို့ မြို့လယ်အဆင့်မြင့်လမ်းမကြီးကို တွေ့ရစဉ်။ ဓာတ်ပုံ - ထွေးကြည် (မြန်မာ့အလင်း)

2-3 (6).p65 1 3/24/05, 10:59 PM

စက်မှုစွမ်းအား ခေတ်ကျော်လွှား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ကြီးမဏ္ဍိုင်မြို့ လေညှာ-မဏ္ဍိုင်တံတားအနီးရှိ ရှင်းလင်းဆောင်တွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၇ မှ

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာ၌ ဘုတ်ပြင်းဒေသသည် ဇဟိုနှင့်အလှမ်းကွာဝေးသော ဒေသ၊ သွားရေးလာရေးခက်ခဲသည့်ဒေသ၊ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိသည့်ဒေသဖြစ်သည့်အတွက် ဘုတ်ပြင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မိမိတို့အလေးထားဆောင်ရွက်ပေးခဲ့ကြောင်း။

ယခုအခါ ဘုတ်ပြင်းမြို့သည် ယခင်ကအခြေအနေများနှင့်မတူတော့ဘဲ မြို့အင်္ဂါရပ်များနှင့်ညီညွတ်သည့် မြို့အဖြစ် ပြောင်းလဲဖြစ်ပေါ်လာပြီဖြစ်ကြောင်း၊ ဘုတ်ပြင်းဒေသ တိုးတက်ရေးအတွက် ကားလမ်းအပြင် ရေယာဉ်ခရီးနှင့် လေယာဉ်ခရီးများ အဆင်ပြေအောင် နိုင်ငံတော်က လိုအပ်သည့်အခြေခံများကို တိုးချဲ့ဖြည့်ဆည်းဆောင်ရွက်ပေးထားကြောင်း။

ရာသီမရွေးသွားလာနိုင်

ဘုတ်ပြင်း-ကော့သောင်းကားလမ်းအပိုင်း၊ ဘုတ်ပြင်း-တနင်္သာရီ ကားလမ်း အပိုင်းတို့သည် ထပ်ဆင့်ပြုပြင်ရန်များရှိသော်လည်း ပွင့်လင်းရာသီသာမက မိုးတွင်းကာလတွင်ပါ ရာသီမရွေးသွားလာနိုင်သည့်လမ်းများ အဖြစ် တိုးတက်ဖြစ်ပေါ်လာနေပြီဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးသည့်နည်းတူ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကိုလည်း တည်ဆောက်ပေးထားပြီးဖြစ်ကြောင်း၊ ယင်းသို့ တည်ဆောက်လုပ်ကိုင်ပေးနေသည်မှာ ဤဒေသကို မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်စေလို၍ဖြစ်ကြောင်း။

တစ်နည်းအားဖြင့် မိမိတို့တိုင်းရင်းသားလူမျိုးအားလုံးအပေါ် နီးသည် ဝေးသည်မဟုတ် ဆူကြွံနိမ့်မြင့်မရွေး အားလုံးမျှမျှတတ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေလိုသည့် စေတနာဖြင့် လုပ်ဆောင်ပေးနေခြင်း ဖြစ်ကြောင်း။

ရာသီမရွေးသွားလာနိုင်ရန် အဆင့်မြှင့်တင်ထားသော ဘုတ်ပြင်း-ကော့သောင်း ကားလမ်းကို တွေ့ရစဉ်။

ဓာတ်ပုံမှတ်တမ်း-ထွေးကြည် (မြန်မာ့အလင်း)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့သို့ရောက်ရှိကြရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

ဤဒေသ၏ ရေ မြေ ရာသီဥတုအခြေအနေမှာ ကောင်းမွန်သဖြင့် ဒေသဖူလုံရေးနှင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်အောင် ဆောင်ရွက်နိုင်သည်ဖြစ်ရာ ဝန်ထမ်းများနှင့် ပြည်သူများအနေဖြင့် ညီညီညွတ်ညွတ်ပူးပေါင်း၍ ကြံ့ရည်ဖန်ရည်ရှိရှိ၊ ဝီရိယရှိရှိဖြင့် သဘာဝသယံဇာတများကို အပြည့်အဝ အသုံးချလုပ်ကိုင်သွားရန်လိုကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ကြိုဆို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့မှ ပြည်ကြီးမဏ္ဍိုင်မြို့သို့ နံနက် ၁၀ နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့်ရောက်ရှိကြရာ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးဝင်းနိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ပြည်ကြီးမဏ္ဍိုင်မြို့ လေညှာ-မဏ္ဍိုင်တံတားအနီးရှိရှင်းလင်းဆောင်၌ ပြည်ကြီးမဏ္ဍိုင်မြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။ တွေ့ဆုံပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသောင်းဟိန်းက ပြည်ကြီးမဏ္ဍိုင်မြို့ တည်နေရာနှင့် အကျယ်အဝန်း၊ ဒေသခံပြည်သူများအနေဖြင့် လယ်ယာလုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်းနှင့်ရေလုပ်ငန်းများကို အဓိကထား၍ စီးပွားရေးလုပ်ငန်းများဆောင်ရွက်မှု၊ ဆီအုန်း၊ ရော်ဘာနှင့် ငရုတ်ကောင်း စိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

စာမျက်နှာ ၇ မှ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ပြည်ကြီးမဏ္ဍိုင်မြို့နှင့် ပတ်ဝန်းကျင်ဒေသသည် ဘုတ်ပြင်းမြို့နှင့် တနသ်ာရီမြို့အကြား၌တည်ရှိပြီး ဆက်သွယ်မှုအနေအထားအရ ဝေးလံခေါင်သီသော ဒေသဖြစ်ကြောင်း။

ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်ရာတွင် ဘုတ်ပြင်းမြို့နှင့် တနင်္သာရီမြို့အကြား၌ ကွက်လပ်အဖြစ် ကျန်မနေစေရေးအတွက် ပြည်ကြီးမဏ္ဍိုင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မိမိတို့ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဤဒေသ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ဖိဖိစီးစီး ထိထိရောက်ရောက်လုပ်ကိုင်ပေးခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ကာကွယ်စောင့်ရှောက်

ဤဒေသသည် နယ်စပ်ဒေသဖြစ်သည့်အားလျော်စွာ တာဝန်ရှိသူများအနေဖြင့် နယ်မြေဒေသလုံခြုံအေးချမ်းအောင်၊ တရားဥပဒေစိုးမိုးမှုရှိအောင် ခိုင်ခိုင်မာမာတည်ဆောက်၍ ပြည်သူအများ အေးချမ်းလုံခြုံစွာ နေထိုင်သွားနိုင်အောင် ကာကွယ်စောင့်ရှောက်ကြရမှာဖြစ်ကြောင်း။

ဤသို့လုပ်ဆောင်ခြင်းဖြင့် နိုင်ငံတော်ကြီးတစ်ရပ်လုံး၏ ရေရှည်အကျိုးစီးပွားကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်သည့်နည်းတူ နယ်မြေဒေသလည်း မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးဖြင့် ပလပ်ထားသော ဤဒေသအတွင်းရှိ လယ်မြေများကို အပြည့်အဝ ဖော်ထုတ်စိုက်ပျိုးခြင်းဖြင့် ဒေသဆန်ဖူလုံရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား နှုတ်ဆက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တနင်္သာရီမြို့တွင် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တပ်မတော်သားများ၊ မိသားစုဝင်များအား တွေ့ဆုံလမ်းညွှန်မှာကြားစဉ်။

(သတင်းစဉ်)

ဘုတ်ပြင်းဒေသတိုးတက်ရေး ကားလမ်း၊ ရေလမ်း၊ လေယာဉ်လမ်းများတိုးချဲ့ပေးထား ဘုတ်ပြင်း – ကော့သောင်း၊ ဘုတ်ပြင်း – တနင်္သာရီကားလမ်းပိုင်း ရာသီမရွေးသွားလာနိုင်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် လေညှာ–မဏ္ဍိုင်တံတားကို ကြည့်ရှုကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် တနင်္သာရီမြို့သို့ရောက်ရှိကြရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးစိုးသက်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

မိသားစုဝင်များတွေ့ဆုံ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် တနင်္သာရီမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မိသားစုဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တနင်္သာရီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလွင်က တနင်္သာရီမြို့နယ်တွင် မိုးစပါး၊ နွေစပါးစိုက်ပျိုးမှုနှင့် ဒေသဆန်ဖူလုံပိုလျှံမှု၊ ဆီအုန်း၊ ရော်ဘာစိုက်ပျိုးမှုနှင့် ဒေသကြက်များ မွေးမြူထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ပြည်ကြီးမဏ္ဍိုင်မြို့တွင် တာဝန်ရှိသူများက ကြိုဆိုကြစဉ်။

(သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန် မှာကြားရာတွင် တနင်္သာရီမြို့နယ်သည် ရေမြေရာသီဥတုကောင်းသဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ဥယျာဉ်ခြံမြေလုပ်ငန်း အပေါ်တွင်အဓိကအခြေပြုကြကြောင်း၊ ရာသီ သီးနှံစိုက်ပျိုးလျှင် ဖြစ်ထွန်းသော်လည်း သီးနှံစိုက်ပျိုးမှုလုပ်ငန်းကို တွင်တွင်ကျယ်ကျယ် ဖိဖိစီးစီးလုပ်ကိုင်ဆောင်ရွက်လေ့မရှိကြောင်း။

စိုက်ပျိုးမြေတိုးချဲ့

သို့ရာတွင် တနင်္သာရီမြို့နယ်ပါဝင်သည့် မြိတ်ခရိုင်သည် ဆန်ဖူလုံမှုမရှိသောဒေသဖြစ်နေရာ မြိတ်ခရိုင်တစ်ခုလုံး ဆန်ဖူလုံရေးကို တနင်္သာရီမြို့နယ်က အတတ်နိုင်ဆုံး ဝင်ရောက်ပံ့ပိုး အထောက်အကူပြုနိုင်ရမှာ ဖြစ်ကြောင်း။

ထို့ကြောင့် မြို့နယ်အတွင်းရှိ လယ်မြေများကို ဖော်ထုတ်၍ အပြည့်အဝ စိုက်ပျိုးခြင်း၊ တာပတ်စိုက်ပျိုးခြင်း၊ ကုန်းမြင့်လယ်ယာ ဖော်ထုတ်စိုက်ပျိုးခြင်းတို့ဖြင့် စပါးစိုက်ပျိုးမြေကို တိုးချဲ့သွားကြရန် လိုအပ်ကြောင်း။

အထောက်အကူပြု

ထို့ပြင် ဆီအုန်း၊ ရော်ဘာတို့ကို တိုးချဲ့စိုက်ပျိုးခြင်း၊ အမယ်သစ် သီးနှံဖြစ်သည့် ငရုတ်ကောင်း တိုးချဲ့စိုက်ပျိုးခြင်းတို့ကို ဖိဖိစီးစီး လုပ်ကိုင်ပြီး မြို့နယ်၏စီးပွားရေးကို မြှင့်တင်ကာ တိုင်းနှင့် ခရိုင်တို့၏ စီးပွားရေး၊ နိုင်ငံတော်၏ စီးပွားရေးတို့ကို ပိုမို အထောက်အကူပြု အားဖြည့်နိုင်ရေး ကြိုးပမ်းသွားရန် အရေးကြီးကြောင်း။

ငရုတ်ကောင်းသီးနှံကို တနင်္သာရီတိုင်း၊ မွန်၊ ကရင်နှင့် ရခိုင်ပြည်နယ်တို့၌ စီးပွားဖြစ် စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် အခြေအနေကောင်းများရှိရာ ပြည်ပ ပို့ကုန်အမယ်သစ်အဖြစ် ဖြစ်ဖြစ်မြောက်မြောက် စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်အောင် ကြိုးစားသင့်ကြောင်း။

သီးနှံမျိုးစုံစိုက်ပျိုး

နွေ၊ မိုး၊ ဆောင်းစသည်ဖြင့် ရာသီ သုံးရာသီရှိသော မိမိတို့နိုင်ငံ၏ ရာသီ ဥတုကောင်းမွန်မှုနှင့် ရေမြေသယံဇာတပေါများမှုတို့ကြောင့် သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်း။

ယင်းသဘာဝကပေးအပ်ထားသည့် အခြေအနေကောင်းကို မိမိတို့ အပြည့်အဝအသုံးချနိုင်အောင် ထထကြွကြွ၊ ကြိုးကြိုးစားစား၊ အမြင်ကျယ်ကျယ်ဖြင့် လုပ်ကိုင်ဆောင်ရွက်သွားသင့်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ရာဇာမုနိဆုတောင်းပြည့်စေတီတော် ဖူးမြော်ကြည်ညို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘုတ်ပြင်းမြို့ ရာဇာမုနိဆုတောင်းပြည့်စေတီတော်တွင် ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

အလှူငွေများပေးအပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ မြိတ်မြို့ ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတွင် ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

တနင်္သာရီတံတားကြည့်ရှု

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် တည်ဆောက်ပြီးစီးသော တနင်္သာရီတံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မြိတ်မြို့သို့ရောက်ရှိကြရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်း၊ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဟုန်းငိုင်း၊ မြိတ်တပ်နယ်မှ ဗိုလ်မှူးကြီးဇင်ယော်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် မြိတ်မြို့ ကျက်သရေဆောင် လေးကျွန်းဆီမီး စေတီတော်ကြီးကို သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စေတီတော်ကို လှည့်လည်ကြည်ညိုကြပြီး ဂေါပက အဖွဲ့ဝင်များ၊ ဒေသခံများနှင့် ရင်းနှီးစွာ မေးမြန်းနှုတ်ဆက်သည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် သမုတ်သိမ်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း သည် ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် မြိတ်မြို့ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ မြိတ်တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း မြိတ်မြို့ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် မြိတ်တပ်နယ်အတွင်းရှိ တင်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

စာမျက်နှာ ၃ မှ

ကောင်းမွန်စေရေး၊ လူသားစွမ်းရည်တိုးတက်စေရေးအတွက်လည်း အခြေခံပညာကျောင်းများကို အဆင့်တိုးမြှင့်ပေးခြင်း၊ အသစ်တိုးချဲ့ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိသကဲ့သို့ အဆင့်မြင့်ပညာရပ်များ လွယ်လွယ်ကူကူ သင်ကြားနိုင်ရေးအတွက် စစ်တွေမြို့တွင် စစ်တွေတက္ကသိုလ်၊ အစိုးရနည်းပညာ ကောလိပ်နှင့် အစိုးရကွန်ပျူတာ ကောလိပ်တို့ကို တည်ထောင် ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ကျန်းမာရေးကဏ္ဍတွင်လည်း ဒေသနေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့် တိုးမြှင့်ပေးနိုင်ရေးအတွက် ခုတင်(၂၀၀)ဆံ့နှင့် ခုတင်(၁၀၀)ဆံ့ အထူးကု ဆေးရုံကြီးများကို ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါဆေးရုံများတွင် ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်း၊ ဆေးဝါးနှင့်ပစ္စည်း ကိရိယာများကို ဖြည့်စွက်ပေးလျက်ရှိကြောင်း။

ပိုလျှံသည်အထိကြိုးပမ်း

အလားတူ ရခိုင်ပြည်နယ်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း ရေလှောင်တမံနှင့် မြစ်ရေတင် စီမံကိန်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ မိမိဒေသ ဝမ်းစာဖူလုံရေးမှတစ်ဆင့် ပိုလျှံသည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ထို့အပြင် တောင်ကုတ်မြို့နယ်အပါအဝင် ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးနိုင်သည့် မြေလွတ်မြေရိုင်းများ စွာရှိနေသေးရာ လယ်ယာမြေများ ဖော်ထုတ်ပြီး မျိုးပြောင်းလဲတိုးချဲ့ စိုက်ပျိုးသွားရန် လိုအပ်သကဲ့သို့ ဒေသအတွင်း စီးပွားဖြစ်ထွန်းနိုင်သည့် ပုစွန်မွေးမြူရေးလုပ်ငန်း အပါအဝင် ရေလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ် မွေးမြူလာစေရေး နမူနာပြ မွေးမြူပြသသွားရေး စီမံဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အပိုင်းက ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများလူနေမှု အဆင့်အတန်း တိုးတက်မြင့်မားလာရေးတို့အတွက် လိုအပ်ချက်များကိုဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးနေသည့်အချိန်တွင်ပြည်သူများ အပိုင်းကလည်း မိမိရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်မှု၊ မိမိတို့၏စီးပွားရေးနှင့် လူနေမှုဘဝတိုးတက်မြင့်မားမှုများကို ဝီရိယစိုက်ထုတ်ပြီး ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

တက်ညီလက်ညီကြိုးပမ်း

ယနေ့မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလုပ်ငန်းစဉ်(၇)ရပ်ကို ချမှတ်ထားပြီးဖြစ်ရာ မိမိတို့ရည်မှန်းချက်ပန်းတိုင်ရောက်ရှိရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်ဦးရွက်ပြုမှုအောက်တွင် ပြည်သူများက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်သန်းစိန်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တောင်ကုတ်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ဒေါက်တာစံလှိုင်နှင့်ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လူနာဆောင်နှင့် ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တောင်ကုတ်မြို့ ပြည်သူ့ဆေးရုံကို (၂၅)ခုတင်ဆံ့မှ ခုတင်(၅၀)ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ပေးပြီးဖြစ်သဖြင့် ဆေးရုံတိုးချဲ့အဆောက်အအုံတည်ဆောက်နိုင်မည့် မြေအခြေအနေကို ဆေးရုံပရဝဏ်အတွင်းလှည့်လည်ကြည့်ရှုသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တောင်ကုတ်မြို့မှတစ်ဆင့် ကျောက်ဖြူမြို့သို့ ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ ၂၉ ရက်က တောင်ကုတ်မြို့ အခြေခံပညာ အထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ပါဝင်စစ်ရေးပြကြမည့်စစ်ကြောင်းကြီးများ တပ်မှဲ့စစ်ရေးပြလေ့ကျင့်

ရန်ကုန် မတ် ၁

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများသည် ယနေ့နံနက် ၅ နာရီခွဲမှ ၉ နာရီအထိ မြို့မကွင်း၌ တပ်မှဲ့စစ်ရေးပြလေ့ကျင့်မှုများကို စတင်လေ့ကျင့်ကြသည်။

တပ်မှဲ့စစ်ရေးပြလေ့ကျင့်

ယင်းသို့စစ်ရေးပြလေ့ကျင့်မှုများဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်းဦးဆောင်၍ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော် ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူးဗိုလ်မှူးကြီးသိန်းတန် ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသန်းဝင်း ဦးဆောင်သည့်ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်သော် ဦးဆောင်သည့်နဝဒေးစစ်ကြောင်း၊ စစ်ကြောင်းမှူးဗိုလ်မှူးကြီးတင့်ဝေ ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဦးကျော် ဦးဆောင်သည့်ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူးဗိုလ်မှူးကြီးမြင့်ကိုကို ဦးဆောင်သည့်ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူးဗိုလ်မှူးကြီးကံညွန့် ဦးဆောင်သည့်မြဝတီစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမောင်မောင်သန်း ဦးဆောင်သည့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများက တပ်မှဲ့ဖြင့်စစ်ရေးပြလေ့ကျင့်မှုများကို ပြုလုပ်ကြသည်။

ကြည့်ရှုစစ်ဆေး

စစ်ရေးပြလေ့ကျင့်မှုများကို (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်မှူးချုပ်ဉာဏ်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ လာရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ပြည်သူ့ရင်ပြင်၌ ကျန်စစ်သားစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့၏ စစ်ရေးပြလေ့ကျင့်မှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂-၃-၂၀၀၄
(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Introduction to economic (စီးပွားရေး၊ စီးပွား/စီမံ၊ အိမ်တွင်းစီးပွား၊ ပြည်သူ့ရေးရာ)
၅း၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ မြန်မာ့ရှုခင်း
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အချစ်လေပြည်"** (အပိုင်း-၂၂)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"** (အပိုင်း-၁၆)
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

ရပ်ကွက်နှင့် ကျေးရွာအဆင့်သည် ပြည်သူနှင့် အနီးစပ်ဆုံးဆက်ဆံနေရ ပြည်သူအပေါ် ဖိစီးမှု၊ မလေးမစားပြုမှုများမပြုလုပ်မိစေရန် အထူးသတိထားဆောင်ရွက်

ရန်ကုန် မတ် ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်-သန်လျင် တံတားအမှတ်(၂) တည်ဆောက်ရေးစီမံကိန်း၊ ခရမ်းရေထိန်းတံခါးတည်ဆောက်ရေးစီမံကိန်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်နှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်း တည်ဆောက်ရေးစီမံကိန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားသည်။

ကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မွန်းလွဲ၁၂နာရီ၁၅မိနစ်တွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ရန်ကုန်-သန်လျင် တံတားအမှတ်(၂)တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ရှင်းလင်းခန်းမ၌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်၏ ပတ်ဝန်းကျင်မိုင်၃၀ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး၊ ခြောက်သွေ့ရာသီတွင် သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သောစိုက်ပျိုးရေ ရရှိရေးအတွက် နည်းလမ်းသုံးရပ်ဖြစ်သော မိုးယွန်းကြီးအင်းမှ ရေကို မင်းရွာရေလွှဲပေါက်မှတစ်ဆင့် တူးမြောင်းဖြင့်သွယ်ယူပြီး သနပ်ပင်-သုံးခွကားလမ်းနံဘေးတစ်လျှောက် တူးမြောင်းစနစ်ဖြင့် ရေသွယ်ယူသည့်နည်းလမ်း၊ ခရမ်းချောင်းကိုပိတ်၍ ရေထိန်းတံခါးတည်ဆောက်၍ မိုးရာသီတွင် ရေငန်တား၊ ရေကြီးမှုမှ ကာကွယ်ကာ နွေရာသီတွင် ခရမ်းနှင့် သုံးခွမြို့နယ်များသို့ ရေသွယ်မြောင်းစနစ်ဖြင့် ရေပေးဝေသည့်နည်းလမ်းနှင့် ငမိုးရိပ်ရေလှောင်တမံလက်ဝဲတူးမြောင်းမကြီး၏ အဆုံးမှရေကို တည်ဆောက်ဆဲ ရန်ကုန်-သန်လျင်တံတား အမှတ်(၂)အထိ သွယ်ယူပြီး ပဲခူးမြစ်ကို ရန်ကုန်-သန်လျင်တံတားအမှတ်(၂) အပေါ်ရေသွယ်ပိုက်လုံးဖြင့် ဖြတ်၍ ရန်ကုန်မြို့တော်တောင်ဘက်ခြမ်းရှိ သန်လျင်-ကျောက်တန်းမြို့နယ်များ၏ စိုက်ပျိုးဧရိယာများသို့ ရေဖြန့်ဝေပေးမည့်နည်းလမ်းတို့ဖြင့် စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်သွားမည့်နည်းလမ်းတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရန်ကုန်တိုင်းအတွင်း မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် အခြား စားသုံးသီးနှံများ စိုက်ပျိုးနိုင်ရေးဆောင်ရွက်လျက်ရှိရာ မိုးစပါးလျာထားသတ်မှတ်ချက်ထက် ၁၇၂၈၆ဧက တိုးမြှင့်စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ နွေစပါး ဧကတိုးချဲ့စိုက်ပျိုးနိုင်ရန် ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးများ၊ ရေသွင်းရေနုတ်မြောင်းများ၊ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများပြုပြင်တိုးချဲ့ ဆောင်ရွက်မှုကြောင့် ယခုနှစ် နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံစိုက်ဧက ယခင်နှစ်ကထက် ဧက ၃၄၀၀၀ ကျော် တိုးတက်စိုက်ပျိုးနိုင်မှုအခြေအနေများကိုလည်းကောင်း ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းမြင့်က ရန်ကုန်မြို့တော်ပတ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအမံများ၊ မြစ်ချောင်းများ ရေစီးရေလာအခြေအနေများ၊ အကျိုးသက်ရောက်မည့်လုပ်ငန်းပမာဏများကို ရုပ်ပုံကားချပ်တို့ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ရန်ကုန်-သန်လျင်တံတားအမှတ်(၂)တည်ဆောက်ရေးစီမံကိန်း၏ မူလတံတားတည်ဆောက်ရေးဒီဇိုင်းပုံစံကို မထိခိုက်စေဘဲ ငမိုးရိပ်ရေလှောင်တမံ လက်ဝဲတူးမြောင်းမကြီးအဆုံးမှရေကို သန်လျင်၊ ကျောက်တန်းမြို့နယ်များရှိ စိုက်ပျိုးဧရိယာများသို့ ရေပေးဝေနိုင်ရန် ရန်ကုန်-သန်လျင်တံတား အမှတ်(၂) မြို့နယ် နတ်ချောင်းဝရွာဟောင်းအနီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ခရမ်းရေထိန်းတံခါးစီမံကိန်းလုပ်ငန်းခွင်သို့ ပဲခူးမြစ်နှင့် ခရမ်းချောင်းမှတစ်ဆင့် ရေယာဉ်များဖြင့် ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ တည်ဆောက်ရေး (၆) ညွှန်ကြားရေးမှူးဦးခင်မောင်မြင့်က စီမံကိန်း၏ရည်ရွယ်ချက်၊ စီမံကိန်းဆိုင်ရာအချက်အလက်တို့နှင့် စပ်လျဉ်း၍ ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

အချိန်မီတည်ဆောက်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက စီမံကိန်းလုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီတည်ဆောက်ပြီးစီး အသုံးပြုနိုင်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ခရမ်း၊ သုံးခွ၊ သန်လျင်နှင့် ကျောက်တန်းမြို့နယ်များနှင့် သန်လျင်မြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာ့သင်္ဘောကျင်းရေယာဉ်တည်ဆောက်ရေး အလုပ်ရုံ(၁)တွင် ရေယာဉ်များ လွှန်းတင်ပြင်ဆင်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရန်ကုန်တိုင်း သန်လျင်မြို့နယ် နတ်ချောင်းဝရွာဟောင်းအနီးရှိ ခရမ်းရေထိန်းတံခါး တည်ဆောက်ရေးစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပေါ်မှဖြတ်သန်းကာ ရေသွယ်ပိုက်လုံးဖြင့် ရေသွယ်ယူမည့်အစီအစဉ်တို့ကိုပါ ပေါင်းစပ်တည်ဆောက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်-သန်လျင် တံတားအမှတ်(၂)တည်ဆောက်ရေးစီမံကိန်း အင်ဂျင်နီယာမှူးကြီး (စီမံကိန်း)ဦးမြင့်လွင်က ရန်ကုန်-သန်လျင် တံတားအမှတ်(၂)တည်ဆောက်ရေးလုပ်ငန်းပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတို့ကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး တံတားတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်အတွင်းရှိ ရုရပ်မျှော်စင်မှနေ၍ ရန်ကုန်-သန်လျင်တံတားအမှတ်(၂) တည်ဆောက်ရေး စီမံကိန်းတည်ဆောက်ပြီးစီးနေမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း သန်လျင် ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများသည် နိုင်ငံတော်က ခန့်အပ်တာဝန်ပေးထားသော ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များဖြစ်ကြောင်း၊ ယင်းအုပ်ချုပ်ရေး အဖွဲ့အစည်းများတွင် မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများသည် အခြေခံအကျဆုံးအုပ်ချုပ်ရေး အဖွဲ့အစည်းများဖြစ်ပြီး ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရသော အုပ်ချုပ်ရေးအဖွဲ့များဖြစ်၍ ပြောမှားဆိုမှား လုပ်ကိုင်ပုံမှားယွင်းသွားပါက နိုင်ငံတော်အဆင့်အထိ ရောင်ပြန်ဟပ်နိုင်ကြောင်း။

အထူးသတိထား

အထူးသဖြင့် အခြေခံအကျဆုံးဖြစ်သည့် ရပ်ကွက်/ကျေးရွာအဆင့်သည် ပြည်သူလူထုနှင့် အနီးစပ်ဆုံးဆက်ဆံနေရရာ ပြည်သူလူထုအပေါ် ဖိစီးမှု၊ မလေးမစားပြုမှုများ မပြုလုပ်မိစေရန် အထူးသတိထားရမည်ဖြစ်ကြောင်းဖြင့် ရင်းနှီးစွာ ရှင်းလင်းမှာကြားသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်

တနင်္သာရီတိုင်းတစ်ခွင် ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်း

ဖွံ့ဖြိုးတိုးတက်နေသော တနင်္သာရီတိုင်း မြိတ်မြို့ကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-ထွေးကြည်၊ မြန်မာ့အလင်း)

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
လမ်းတံတား		
မော်တော်ကားလမ်းမိုင်	၃၉၇ မိုင်	၆၆၄ မိုင်
မီးရထားလမ်းသစ်		ရေး-ထားဝယ်
ပညာရေး		
တက္ကသိုလ်	-	၂
ကောလိပ်	၁	၅
အထက်တန်းကျောင်း	၂၃	၃၃
အလယ်တန်းကျောင်း	၄၇	၅၇
မူလတန်းကျောင်း	၈၉၄	၁၀၁၀
ကျန်းမာရေး		
ဆေးရုံ	၉	၁၀
တိုက်နယ်ဆေးရုံ	၈	၁၃
တိုင်းရင်းဆေးရုံ	-	၁
တိုင်းရင်းဆေးခန်း	၂	၇
ပြန်ကြားရေး		
မြန်မာ့အလင်း/ကြေးမုံ (ကိုယ်ပွားသတင်းစာတိုက်၊ မြိတ်)	-	တည်ဆောက်ဆဲ
ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ	-	၁၀
ပြန်/ဆက်ရုံး	-	၁၀
စာကြည့်တိုက်	-	၁၀

တနင်္သာရီတိုင်း မြိတ်မြို့ အစိုးရကွန်ပျူတာကောလိပ်(မြိတ်မြို့)စာသင်ဆောင်ကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-ထွေးကြည်၊ မြန်မာ့အလင်း)

တနင်္သာရီတိုင်း ထားဝယ်မြို့ ထားဝယ်ဘူတာရုံသစ်။ (ဓာတ်ပုံမှတ်တမ်း-ထွေးကြည်၊မြန်မာ့အလင်း)

တနင်္သာရီတိုင်း ထားဝယ်မြို့ ကမျောကင်းတံတားကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-ထွေးကြည်၊ မြန်မာ့အလင်း)

စာမျက်နှာ ၁၁ မှ

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ခရမ်းရေထိန်းတံခါး တည်ဆောက်ရေးဝန်ထမ်းများက စက်ယန္တရားကြီးများဖြင့် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ခရမ်းရေထိန်းတံခါး

ခရမ်းရေထိန်းတံခါးကို ပဲခူးတိုင်း ကဝမြို့နယ်၊ ရန်ကုန်တိုင်း သန်လျင်မြို့နယ်နှင့် ခရမ်းမြို့နယ် ရေကြီးရေလွှမ်းကွင်းများတွင် မိုးရာသီ၌ မြစ်ရေများ ဝင်ရောက်မှုမရှိစေဘဲ ရေကျချိန်တိုင်းတွင် ရေထုတ်နုတ်ပေးခြင်းဖြင့် စိုက်ကွင်းများ ရေလွှမ်းခံရမှုလျော့နည်းသက်သာစေရန်၊ မိုးနှောင်းကာလတွင် ရေချိုများ သိုလှောင်ထိန်းသိမ်း၍ မိုးစပါးအောင်ရေများ ဖြည့်ဆည်းပေးနိုင်ခြင်းနှင့် ဆောင်းသီးနှံများအတွက် အစိုဓာတ်ထိန်းသိမ်းပေးလာနိုင်ရန်နှင့် နွေရာသီတွင် ပင်လယ်ဆားငန်ရေနှင့် သဲနုန်းများကွင်းအတွင်း ဝင်ရောက်ခြင်းမှ ကာကွယ်ပေးခြင်းဖြင့် လယ်မြေများ အငန်ဓာတ်ပေါက်ခြင်းနှင့် ချောင်းများတိမ်ကောမှုကို တားဆီးပေးနိုင်ရန် ရည်ရွယ်ချက်တို့ဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က တည်ဆောက်လျက်ရှိသည်။

ခရမ်းရေထိန်းတံခါးမှာ ကွန်ကရစ်ရေထိန်းတံခါးအမျိုးအစားဖြစ်ပြီး ၆ ပေ x ၁၆ ပေ အရွယ် ရေတံခါးပေါက် ၄၀ ပါရှိမည်ဖြစ်သည်။ အဆိုပါ ရေထိန်းတံခါး ပြီးစီးပါက ဧက ၃၀၀၀၀ အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ယင်းမှတစ်ဆင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်စက်မှုဇုန်ရှိ ကမ်းနားလမ်းနှင့်တွင်းသင်းတိုက်ဝန်ဦးထွန်းညိုလမ်းရှိ Silver Valley ၏ ကြိမ်အချောထည်စက်ရုံသို့ ရောက်ရှိကြရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ကြိမ်အချောထည်စက်ရုံအတွင်းကြိမ်အချောထည်ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုအားပေးပြီးလိုအပ်သည်များကို မှာကြားသည်။

Silver Valley ကြိမ်အချောထည်စက်ရုံမှ ကြိမ်အချောထည်အမျိုးပေါင်း ၁၀၀ကျော် ထုတ်လုပ်လျက်ရှိပြီး ပြည်တွင်း ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ပြင်စည်မင်းသားကြီးလမ်းနှင့် မဟ္ဂရာမင်းသားကြီးလမ်းထောင့်ရှိ ဒဂုံပန်ဆန်းမော်တော်ယာဉ်အလုပ်ရုံသို့ ရောက်ရှိကြသည်။

လှည့်လည်ကြည့်ရှု

ရှေးဦးစွာ မော်တော်ယာဉ်အလုပ်ရုံအတွင်း ခင်းကျင်းပြသထားသည့် ဒဂုံပန်ဆန်းမော်တော်ယာဉ်အလုပ်ရုံက ထုတ်လုပ်သည့် Dagon Dragon Pickup မော်တော်ကားထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်နှင့် ထုတ်လုပ်ပြီးကားများ၊ Super Seven Star International Trading Co.,Ltd.က ထုတ်လုပ်သည့် Super Carrierကားနှင့် Unique Runnerတို့ကိုလှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ကမာရွတ်မြို့နယ် ဆင်မလိုက်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား စီမံကိန်းလုပ်ငန်းခွင်ရှင်းလင်းဆောင်၌ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးပါစီမောင်မောင်က တန်ချိန် ၁၂၀၀၀ရေလုံသင်္ဘောကျင်းတည်ဆောက်ရေးဆိုင်ရာအချက်အလက်တို့ကို လည်းကောင်း၊ တည်ဆောက်ရေး စီမံကိန်းတိုးတက်မှု အခြေအနေကိုလည်းကောင်း၊ စီမံကိန်းပြီးစီးပါက ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များနှင့် အကျိုးသက်ရောက်မှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရေလုံသင်္ဘောကျင်းကြည့်ရှု

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကို မှာကြားပြီး တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) သည်မြန်မာ့သင်္ဘောကျင်းလွန်းကျင်းသို့ ရောက်ရှိပြီး ရှေးဦးစွာ မြန်မာ့သင်္ဘောကျင်း ရေယာဉ်တည်ဆောက်ရေး အလုပ်ရုံ(၁)တွင် ဆွဲရေယာဉ်(TUG Boat) တည်ဆောက်နေမှု၊ တည်ဆောက်ရေးရေယာဉ်များတွင်အသုံးပြုမည့်သံပြားအစိတ်အပိုင်းများကို ကွန်ပျူတာထိန်းချုပ်မှုစနစ်(CNC)အသုံးပြုကာသံပြားများဖြတ်တောက်နေမှု၊ ကမ်းရိုးတန်းသွားကမ်းထိုးရေယာဉ် တည်ဆောက်နေမှု၊ လွန်းတင်ပြင်ဆင်နေမှု၊ လွန်းတင်/လွန်းချ ရထားကြီး ပြင်ဆင်နေမှု၊ရေယာဉ်သုံးပစ္စည်း ထုတ်လုပ်ရေးအလုပ်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးပါစီမောင်မောင်တို့က လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ကလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်မှာကြားပြီး ညနေပိုင်းတွင် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း လွန်းကျင်းမှ ပြန်လည်ထွက်ခွာသည်။

(သတင်းစဉ်)

မျိုးဆက်ပွားကျန်းမာရေးစီမံချက်ဆရာဖြစ်သင်တန်းဖွင့်

ရန်ကုန် မတ် ၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)နှင့် ဂျပန်နိုင်ငံ အခြေစိုက်အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် Japanese Organization for International Co-operation in Family Planning (JOICFP) တို့ ပူးပေါင်းဆောင်ရွက်သော မျိုးဆက်ပွားကျန်းမာရေးစီမံချက်ဆရာဖြစ် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံအစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာဦးကြည်စိုးနှင့် ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကြီးကြပ်မှုကော်မတီနာယကများ၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Rajib M. Assifi၊ သင်တန်းဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Rajib M. Assifi က မျိုးဆက်ပွားကျန်းမာရေးစီမံချက်ဆရာဖြစ် သင်တန်းဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ မန္တလေးတိုင်းအတွင်းရှိ မလှိုင်၊ ငါန်းဇွန်၊ မြစ်သားနှင့် ညောင်ဦးမြို့နယ်တို့မှ သင်တန်းသား သင်တန်းသူ ၆၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၅ရက်အထိဖြစ်သည်။ **(သတင်းစဉ်)**

ကံထူးရှင်ရွေးချယ်

ရန်ကုန် မတ် ၁

(၁၈၂)ကြိမ်မြောက် ကျပ် ၅၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း(၃၀၀)အထူးဆု

ရ-၇၈၅၂၁၄

ကျပ်သိန်း(၅၀)ဆုများ

ဏ-၁၄၆၇၈၅ ထ-၈၈၄၂၅၅
ခ-၂၉၂၁၆၇ င-၃၅၇၈၈၈
ရ-၆၅၉၉၃၈ င-၄၇၃၄၀၀
ပ-၇၁၈၂၈၇ ကခ-၄၁၅၆၂၅
သ-၂၁၁၇၄၇ ဃ-၇၆၄၀၃၅

ကျပ်(၂၅)သိန်းဆုများ

ဃ-၂၃၄၉၄၇ ခ-၉၂၁၉၄၈
ဃ-၁၃၅၇၄၀ ဗ-၉၄၀၈၅၁
ပ-၁၈၁၉၀၆ ဃ-၈၆၆၂၃၃
ဃ-၄၈၂၁၁၂ ဈ-၁၂၇၇၃၁
ဌ-၇၀၅၆၁၀ န-၁၈၁၀၇၆
ပ-၆၂၂၇၈၁ ဈ-၇၂၆၃၉၅

ကျပ်သိန်း(၅၀)မင်္ဂလာစုံတွဲဆုများ

သ-၇၃၃၄၅၁ န-၇၉၇၉၈၆
ယ-၄၈၀၅၈၆ ဃ-၃၈၂၄၇၅
အ-၃၂၁၆၄၄ အ-၂၈၆၁၄၃
ပ-၅၆၅၄၇၂ ဆ-၇၇၁၆၂၇
ဝ-၅၃၅၈၂၇ င-၁၀၁၆၄၄
ဌ-၇၀၃၄၅၄ ထ-၇၁၅၀၇၆
န-၁၉၀၄၁၉ ဈ-၇၄၀၂၅၆
ကဂ-၇၂၃၂၂၇ ကခ-၇၄၃၅၈၈
ဓ-၆၃၃၈၈၇ ဋ-၆၁၇၀၃၆
ဟ-၅၅၆၂၅၂

(သတင်းစဉ်)

ရွှေဥမင်ဘုရား ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် မတ် ၁

မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိတ်ကုန်း အနန်းပင်ရပ်ကွက်ရှိ အဓိဋ္ဌာန်အောင်မြင် ရွှေဥမင်ဘုရား၏ ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်နှင့် ရွှေသင်္ကန်း ကပ်လှူပူဇော်ပွဲကို ယနေ့မှ မတ်၇ရက်အထိ ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ အဖွဲ့ဝင်များနှင့်နိုင်ငံခြားဧည့်သည်များ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင်မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာ

ရန်ကုန် မတ် ၁

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နေကြသည့် နိုင်ငံခြားစီးပွားရေး လုပ်ငန်းရှင်များအဖွဲ့ (Tuesday Club)မှ အဖွဲ့ဝင်များ၊ ဩစတြေးလျနိုင်ငံမှ Prof.Helen James နှင့် အမေရိကန်၊ ဂျပန်၊ တရုတ်၊ ဆွစ်ဇာလန်၊ စင်ကာပူနိုင်ငံတို့မှ ဖိတ်ကြားထားသည့် ဧည့်သည်များပါဝင်သည့် ၃၈ ဦးအဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးလှမင်း ဦးဆောင်ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)ရှိ မိုင်းကာ၊ မိုင်းပေါက်၊ မိုင်းဖျန်ဒေသများနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ကျိုင်းတုံ၊ ဝမ်ဟုန်၊ ယောင်ခ၊ ပါလျှို- ကျိုက်လတ်နှင့် တာချီလိတ် ဒေသများသို့ ဖေဖော်ဝါရီ ၂၇ရက် နံနက်ပိုင်းတွင် စတင်သွားရောက်လေ့လာခဲ့ပြီး ဖေဖော်ဝါရီ ၂၉ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ခရီးစဉ်အတွင်း လေ့လာရေးအဖွဲ့သည် ယင်းဒေသများရှိ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးစီမံကိန်းများ၊ ဒေသခံပြည်သူများအတွက် ဝင်ငွေရရှိရေး စီမံကိန်းများ၊ နယ်စပ်ကုန်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လေ့လာခဲ့ကြသည်။

အမြင်ချင်းဖလှယ်

ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် UNODC မှ တာဝန်ရှိပုဂ္ဂိုလ်များက ၎င်းတို့၏ ဆောင်ရွက်ချက်အသီးသီးကို ရှင်းလင်းပြောကြားကာ လေ့လာရေးအဖွဲ့က သိလိုသည့်အချက်များကို ပြန်လည်ဖြေကြား၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂-၃-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓေအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	ကဗျာပန်းဥယျာဉ်
၈:၀၀	၆။	အရေးပြိုင်ပွဲ
၈:၀၅	၇။	နှောင်းခေတ်တေးပဒေသာ
၈:၁၅	၈။	ပသောင်းတံတား
၈:၃၀	၉။	International News
၈:၄၅	၁၀။	Grammar made Easy
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use.
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) [ရုက္ခဗေဒ]
၁၇:၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇:၂၅	၇။	တောင်သူလယ်သမားနေ့ တေးများ
၁၇:၄၀	၈။	ခံစားနားဆင် တေးဓာတ်ဝင်
၁၇:၅၀	၉။	ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၃၀	၁၀။	ညနေခင်းသတင်း
၁၉:၀၀	၁၁။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၂။	သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၁၉:၂၅	၁၃။	ကြေးမုံရိပ်သွင်တေးနုယဉ်
၁၉:၃၅	၁၄။	ကော်ဖီ(အပိုင်း-၂)
၁၉:၄၅	၁၅။	ကချင်ပြည်နယ် မိုးကောင်းတံတား
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"**(အပိုင်း-၅)
	၂၀။	နောက်တစ်နေ့အစီအစဉ်

ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးစတင်ကျင်းပ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာရေးဆိုင်ရာများလျှောက်ထား

ရန်ကုန် မတ် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌စတင်ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များကြွရောက်တော်မူကြသည်။

ရှေးဦးစွာ ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးပထမနေ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအဖြစ် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ်ဇယမေဒနီဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယ၊ မန္တလေးတိုင်း ရမည်းသင်းမြို့နယ် ဝါဆိုရပ်ကွက် ဆင်ကျုံးတောရကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသလ္လ၊ ပဲခူးတိုင်း သဲကုန်းမြို့ ကိုယ်ကြီးမြှုတ်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဇောတ၊ တနင်္သာရီတိုင်း ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသနှင့် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလတို့အား တင်မြှောက်တော်မူကြသည်။

ကြေညာတော်မူ

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသက ဆောင်ရွက်တော်မူ၍ အခမ်းအနားမှူးဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပဲခူးတိုင်း ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် တက်ရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏အရေအတွက်ကို ဖတ်ကြားလျှောက်ထားကာ အစည်းအဝေး ထမြောက်ကြောင်းကြေညာတော်မူသည်။

လျှောက်ထား

ယင်းနောက် အခမ်းအနားမှူးဆရာတော်က ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးကျင်းပမည့် ၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက် (၂၀၀၄ ခုနှစ် မတ် ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်)တို့အတွက် အစည်းအဝေးအစီအစဉ်များကို လျှောက်ထားပြီး အစည်းအဝေးကြီး၏ အတည်ပြုချက်ရယူတော်မူကာ ယနေ့ဖြန့်ဝေဆက်ကပ်ထားသော အစီအစဉ်တွင် ပါရှိသည့်အတိုင်း အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ကြောင်း လျှောက်ထားတော်မူသည်။

ဆက်လက်၍ ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထ အစည်းအဝေး ပထမနေ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်တော်မူသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်တော်မူကြသည့် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယ၏ ဩဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတာသိရီဘိဝံသကလည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသလ္လ၏ ဩဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ချမ်းသာကြီးတောင်တိုက် ရတနာဗိမာန်စာချကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကာဘိဝံသ ကလည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဇောတ၏ ဩဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် စစ်ကိုင်းတိုင်း ရွှေဘိုမြို့ ပုခန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝိမလာဘိဝံသကလည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသ၏ ဩဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဝံသကလည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလ၏ ဩဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစာရကလည်းကောင်း အသီးသီးဖတ်ကြားတော်မူကြသည်။

ထို့နောက် ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတ၏ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို သဘာပတိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာအောင်မြေ ဘုံစံကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသက ဖတ်ကြားတော်မူသည်။

သာသနာရေး

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ယခုနှစ် တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် များအတွက် သံဝေဂဉာဏ်ပွားများကြောင်း မှတ်တမ်းတင်ရန် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက် အကျိုးတော်ဆောင် မန္တလေးတိုင်း မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကိတ္တိကလျှောက်ထားတင်ပြရာ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများနှင့် ဆရာတော်များက "သဗ္ဗေ သင်္ခါရာ အနိစ္စာတိ"အစရှိသော သုံးဂါထာကိုရွတ်ဆို၍ သံဝေဂဉာဏ်ပွားများတော်မူကြသည်။

အတည်ပြုချက်

ဆက်လက်၍ အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို တွဲဖက် အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကိတ္တိက အစည်းအဝေးသို့ တင်သွင်း၍ အတည်ပြုချက်ရယူတော်မူသည်။

ထို့နောက် တစ်နှစ်တာကာလအတွင်းဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရက တင်သွင်းလျှောက်ထားတော်မူပြီး နံနက် ၉ နာရီ ၄၅ မိနစ်တွင် အစည်းအဝေးကို ခေတ္တရပ်နားသည်။

ဆောင်ရွက်ချက်

အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ တစ်နှစ်တာကာလတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာကဏ္ဍဆောင်ရွက်ချက်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ ဖြစ်တော်မူကြသော မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိစာရနှင့် မွန်ပြည်နယ် ရေးမြို့ ဖာလဇေတဝန်ကျောင်းဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဣန္ဒသိရီတို့က ဖတ်ကြားတင်သွင်းတော်မူသည်။

ထို့နောက် သာသနာရေးရာကဏ္ဍဆောင်ရွက်ချက်များကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်များ ဖြစ်တော်မူကြသော မန္တလေးတိုင်း မိုးကုတ်မြို့ မဟာသတိပဋ္ဌာန် ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုနန္ဒ၊ ရှမ်းပြည်နယ် ပင်လုံမြို့ မင်္ဂလာမွေတော် ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသောဘိတနှင့် စစ်ကိုင်းတိုင်း မင်းကင်းမြို့ ကန်တော်ပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတိလောက တို့က ဖတ်ကြားတင်သွင်းတော်မူကြသည်။

ဖတ်ကြားတင်သွင်း

ဆက်လက်၍ ပညာရေး ဆောင်ရွက်ချက်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မွန်ပြည်နယ် ရေးမြို့ ဖာလဇေတဝန်ကျောင်းဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဣန္ဒသိရီက ဖတ်ကြားတင်သွင်းတော်မူသည်။

ရှင်းလင်းဖတ်ကြား

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များတင်ပြလာသော အကြံဉာဏ်များကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော်များဖြစ်တော်မူကြသော ပဲခူးတိုင်း ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိနှင့် မန္တလေးတိုင်း မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကိတ္တိတို့က ရှင်းလင်းဖတ်ကြားလျှောက်ထားတော်မူကြပြီး ပထမနေ့ အစည်းအဝေး အစီအစဉ်များကို ညနေ ၃ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်သည်။

ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး ဒုတိယနေ့ကို မတ် ၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများနှင့် ဆရာတော်များအား ကျေးဇူးရှင်မိဘနှစ်ပါးဖြစ်သော (ဦးသိန်းမောင်)နှင့် ဒေါ်ပါးပါးတို့အား ဦးထိပ်ထား၍ ပန်းဘဲတန်းမြို့နယ် ကုန်ဈေးတန်းလမ်း အမှတ်(၂၄၀)နေ စန္ဒီပရဆေး မိသားစုတို့က ယနေ့တွင် တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းပြီး ထွန်းရွှေဝါဆေးတိုက်၊ ရှမ်းဆရာကြီး ဦးစိုင်းဆေးတိုက်နှင့် ဧကမ္ဗာဆေးတိုက်တို့မှ တိုင်းရင်းဆေးများကို လှူဒါန်းကြသည်။

ဆွမ်းကပ်လှူဒါန်း

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး(အကြို) ယမန်နေ့တွင် ဒဂုံမြို့နယ် မင်းကျောင်းလမ်း အမှတ်(၂၅)နေ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒူးရင်းသီး ဦးစိုးမြင့်-ဒေါ်ခင်မာရီမိသားစုက တစ်နေ့တာဆွမ်းကပ်လှူဒါန်းခဲ့ကြသည်။

(သတင်းစဉ်)



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့
ပြည်လမ်း၊ ရန်ကုန်မြို့

မြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့တို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်း သားများအတွက် စာမေးပွဲ အထောက်အကူပြု သင်္ချာဘာသာ သင်ခန်းစာများကို ဆက်လက်ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သင်္ချာဘာသာ သိကောင်းစရာ

သင်္ချာဘာသာဟာ မယူမနေရဘာသာတစ်ခုဖြစ်တဲ့အတွက် ကျောင်းသားကျောင်းသူတိုင်း ဖြေဆိုရမယ့် ဘာသာရပ်တစ်ခုဖြစ်တယ်။ သင်္ချာဘာသာဟာ အောင်မှတ်ရဖို့လွယ်ကူတဲ့ ဘာသာရပ်တစ်ခုဖြစ်တယ်။ သင်္ကေတတွေ၊ ပုံသေနည်းတွေ မှန်မှန်ကန်ကန်သုံးမယ်၊ တွက်ခိုင်းတဲ့နည်းအတိုင်း တွက်မယ်ဆိုရင် အောင်မှတ်အပြင် ဂုဏ်ထူးတောင်ရနိုင်ပါတယ်။

ဒီနှစ်ဟာ သင်ရိုးသစ်နဲ့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရမှာ တတိယအကြိမ်ဖြစ်ပါတယ်။ စာမေးပွဲ ဖြေဆိုမယ့် ကျောင်းသားကျောင်းသူများအတွက် သင်္ချာဘာသာသိကောင်းစရာများကို နှစ်ပိုင်းခွဲပြီးရှင်းပြမယ်။

ပထမပိုင်းအနေနဲ့ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ အခန်း(၁၂)ခန်းထဲက တစ်ခန်းစီမှ အခြေခံအချက်များကို ပြောပြမယ်။

အခန်း(၁) Functions နဲ့ပတ်သက်ပြီး ဖန်ရှင်နှစ်ခု f နဲ့ g ရဲ့ ပုံသေနည်းတွေကို ပေးထားရင် အဲဒီ ဖန်ရှင်နှစ်ခုရဲ့ Composite function ရဲ့ပုံသေနည်းကို ရှာတတ်ရမယ်။ အဲဒီပုံသေနည်းတွေကို ရှာဖို့ရာ $(f^{o}g)(x) = f(g(x))$ နဲ့ $(g\,^{o}\,f)(x) = g(f(x))$ ဖြစ်တယ်ဆိုတာသိရမယ်။ ဒါ့အပြင် နောက်တစ်ချက်က အကယ်၍ f နဲ့ $f\,^{o}\,g$ တို့ရဲ့ပုံသေနည်းတွေကိုပေးထားပြီး g ရဲ့ပုံသေနည်းကိုရှာခိုင်းရင်လဲ ရှာတတ်ရမယ်။ inverse ရှိတဲ့ ဖန်ရှင် f အတွက် f^{-1} ပုံသေနည်းကိုလဲ ရှာတတ်ရမယ်။ အဲဒါရှာဖို့အတွက်–
$f(x) = y \Leftrightarrow f^{-1}(y) = x$ ဖြစ်တယ်ဆိုတာကို သိရမယ်။

အခန်း(၂) The remainder and the factor theorem နဲ့ပတ်သက်ပြီးတော့ Polynomial တစ်ခု f(x) ကို ax – b နဲ့စားတဲ့အခါ ရရှိတဲ့ remainder ဟာ $f\left(\frac{b}{a}\right)$ ဖြစ်တာကို သိရမယ်။ f(x) is divisible by ax – b ဒါမှမဟုတ် ax – b is a factor of f(x) ဖြစ်ရင် $f\left(\frac{b}{a}\right) = 0$ ဖြစ်တယ်။ အပြန်အလှန်လဲ မှန်တယ်။ Degree 3 နဲ့အထက်ရှိတဲ့ Polynomial f(x) ရဲ့ တစ်ထပ်ဆခွဲကိန်း (linear factor) ရှာတဲ့ အခါမှာသုံးတဲ့ $x – k$ is a factor of $f(x) \Leftrightarrow f(k) = 0$ ဆိုတဲ့အချက်ကိုလဲ မှတ်မိရမယ်။

အခန်း(၃) The binomial theorem အနေနဲ့ အပေါင်းကိန်းပြည့် n အတွက် $(x+y)^n$ ရဲ့ အကျယ်ဖွင့်ကို မှတ်မိရမယ်။ $(x+y)^n$ ရဲ့အကျယ်ဖွင့်မှာပါတဲ့ ကိန်းလုံးအရေအတွက် (number of terms) က (n+1) ဖြစ်တာကိုလဲ သိဖို့လိုတယ်။ ဒါ့အပြင် အဲဒီအကျယ်ဖွင့်မှာပါတဲ့ ယေဘုယျကိန်းလုံး၊ တစ်နည်း ပြောရရင် r+1 အကြိမ်မြောက်ကိန်းလုံးရဲ့ ပုံသေနည်းဖြစ်တဲ့ $(r+1)\text{th term} = {}^{n}C_{r}\, x^{n-r}\, y^{r}$ ဆိုတာကို အလွတ်ရအောင်ကျက်ထားရမယ်။ အဲဒီပုံသေနည်းကို မှတ်မိမှ အကျယ်ဖွင့်မှာပါတဲ့ ဘယ်နှစ်ကြိမ်မြောက် ကိန်းလုံးကိုပဲဖြစ်ဖြစ် ရှာနိုင်မှာဖြစ်ပါတယ်။ r+1 အကြိမ်မြောက်ကိန်းလုံးရဲ့ ပုံသေနည်းကိုသုံးပြီး အကျယ် ဖွင့်မှာပါတဲ့ ကိန်းသေကိန်းလုံး (constant term)၊ အလယ်ကိန်းလုံး (middle term) တို့ကိုလဲ ရှာနိုင် တယ်။ ထပ်ညွှန်း n ဟာ မကိန်းဖြစ်ရင် $(x+y)^n$ အကျယ်ဖွင့်မှာ ကိန်းလုံးအရေအတွက်က စုံဖြစ်တဲ့အတွက် အဲဒီအကျယ်ဖွင့်မှာ အလယ်ကိန်းလုံးနှစ်လုံးရှိပြီး n ဟာ စုံကိန်းဖြစ်ရင် ကိန်းလုံးအရေအတွက်က မဖြစ်တဲ့ အတွက် $(x+y)^n$ ရဲ့အကျယ်ဖွင့်မှာ အလယ်ကိန်းလုံးတစ်လုံးသာရှိတယ်။

အခန်း(၄) Inequations အပိုင်းမှာတော့ Inequation တစ်ခုရဲ့ Solution set ကိုရှာတဲ့ နည်းနှစ်နည်းကိုသိဖို့လိုတယ်။ ပုစ္ဆာမှာ ဘယ်နည်းနဲ့ရှာပါလို့ နည်းကိုသတ်မှတ်ပေးမထားရင် ကိုယ်ကြိုက်တဲ့ နည်းနဲ့တွက်လို့ရတယ်။

အခန်း (၅) Sequences and Series နဲ့ပတ်သက်ပြီး Arithmetic Progression (AP) နဲ့ Geometric Progression (GP) နှစ်မျိုးကိုဖော်ပြထားတယ်။ Sequence (သို့မဟုတ်) Series တစ်ခုကို ပေးထားရင် အဲဒီ Sequence (သို့မဟုတ်) Series ဟာ AP လား GPလားဆိုတာ ခွဲခြားတတ်ဖို့ လိုတယ်။ AP တစ်ခုရဲ့ first term ကို a, common difference ကို d, nth term ကို u_n, sum to first n terms ကို S_n, last term ကို ℓ နဲ့ သင်္ကေတပြုတယ်။ $u_n = a + (n – l)\, d$ ဖြစ်ပြီး $S_n = \frac{n}{2}(a + \ell)$ ဒါမှမဟုတ် $S_n = \frac{n}{2}\{2a + (n–1)d\}$ ဖြစ်တယ်။ GP အတွက်ကတော့ first term က a, common ratio က r, nth term $U_n = ar^{n-1}$ ဖြစ်ပြီး $r \neq 1$ အတွက် sum to first n terms $S_n = \frac{a(1 – r^n)}{1 – r}$ ဖြစ်တယ်။ $u_n = S_n – S_{n-1}$ ဆိုတဲ့ပုံသေနည်းဟာလဲ မှတ်ထားသင့်တဲ့ပုံသေနည်း တစ်ခု ဖြစ်တယ်။

$|r| < 1$ ဖြစ်တဲ့ infinite geometric series ရဲ့ပေါင်းလဒ် S ကိုရှာဖို့အတွက် $S = \frac{a}{1 – r}$ ဆိုတာ လဲ မှတ်မိဖို့လိုတယ်။ ဒီအခန်းမှာ ပုံသေနည်းတွေကိုမှတ်မိမှသာ ပုစ္ဆာတွက်နိုင်မှာမို့ ပုံသေနည်းတွေကို အလွတ်ရအောင် ကျက်ထားရမယ်။ သက်ဆိုင်ရာသင်္ကေတတွေကိုလဲ မှန်မှန်ကန်ကန်သုံးတတ်ဖို့ အရေး ကြီးပါတယ်။

အခန်း (၆) Matrices နဲ့ပတ်သက်ပြီး matrix ပါတဲ့ ညီမျှခြင်းတွေကို ဖြေရှင်းနိုင်ရမယ့်အပြင် အဓိကအနေနဲ့ system of linear equations ကို matrix သုံးပြီး ဖြေရှင်းတတ်ဖို့လိုတယ်။ ဒါတွေကို ဖြေရှင်းနိုင်ဖို့ရာ မေထြိစ်ပေါင်းခြင်း၊ စကေလာတစ်ခုနဲ့မေထြိစ်မြှောက်ခြင်း၊ မေထြိစ်အချင်းချင်း မြှောက် ခြင်းတို့ကို သိရမယ့်အပြင် inverse ရှိတဲ့ 2 x 2 matrix တစ်ခုရဲ့ inverse ကိုရှာတတ်ရမယ်။ ဒါ့ကြောင့် 2 x 2 matrix တစ်ခုရဲ့ inverse ရှာဖို့ ပုံသေနည်းကိုမှတ်မိရမယ်။ 2 x 2 singular matrix ဆိုတာ inverse မရှိတဲ့ မေထြိစ်၊ တစ်နည်းပြောရရင် determinant တန်ဖိုး zero ဖြစ်တဲ့ မေထြိစ်ဆိုတဲ့အချက် ဟာလဲ သိသင့်တဲ့အချက်ဖြစ်တယ်။

အခန်း (၇)ရဲ့ ပထမပိုင်းဖြစ်တဲ့ Statistics အပိုင်းမှာတော့ ပေးထားတဲ့ ကိန်းတွေရဲ့ mean, median, mode တို့ကို ရှာတတ်ရမယ်။ ဒုတိယပိုင်းဖြစ်တဲ့ Probability အပိုင်းမှာတော့ experiment တစ်ခုရဲ့ possible outcomes နဲ့ favourable outcomes တွေကိုရှာဖို့ရာ tree diagram ဒါမှမဟုတ် table ဆွဲတတ်ရမယ်။

$$\text{Probability of an outcome} = \frac{\text{No.of favourable outcomes}}{\text{No.of possible outcomes}}$$

ဆိုတာသိရမယ်။ outcome တစ်ခုရဲ့ probability တန်ဖိုးဟာ 0 နဲ့ 1 ကြားမှာရှိပြီး 0 လဲ ဖြစ်နိုင်သလို 1 လည်းဖြစ်နိုင်တယ်။ A နဲ့ B ဟာ mutually exclusive outcomes တွေဖြစ်ရင် p(A or B)=P(A)+P(B) ဖြစ်ပြီး A နဲ့ B ဟာ independent outcomes တွေဖြစ်ရင်တော့ P(A and B)=P(A) . P(B) ဖြစ်တယ်။ ဒါ့အပြင် outcome A အတွက် P (not A) = 1–P(A) ဖြစ်တာကိုလဲ သိသင့်တယ်။

expected frequency နဲ့ ပတ်သက်ပြီး experiment တစ်ခုကို အကြိမ်ပေါင်းမြောက်မြားစွာ လုပ်တဲ့အခါမှာ ထွက်လာတဲ့ outcomes တွေထဲက outcome တစ်ခုရဲ့ expected frequency ကိုရှာခိုင်းရင် expected frequency of an outcome = P(that outcome) x number of trials ဆိုတဲ့ ပုံသေနည်းကို သိရမယ်။

အခန်း(၈) Circles အပိုင်းမှာတော့ သီအိုရမ်များကို သက်သေပြတတ်ရမှာဖြစ်သလို ပုစ္ဆာတွက်တဲ့ အခါမှာ သုံးနိုင်ဖို့အတွက် သီအိုရမ်ရဲ့ ဖော်ပြချက် (Statement) များကိုလဲ မှတ်မိရမယ်။ တစ်ပြင်ညီ တည်းပေါ်မှာရှိတဲ့ အမှတ်လေးခု Concyclic ဖြစ်စေဖို့ လိုအပ်ချက်နဲ့ လုံလောက်ချက်တို့ကို ဖော်ပြတဲ့ သီအိုရမ်တွေရဲ့ ဖော်ပြချက်တွေဟာလဲ သိသင့်တဲ့အချက်တွေဖြစ်တယ်။

အခန်း(၉) Areas of Similar Triangle နဲ့ ပတ်သက်ပြီး သဏ္ဍာန်တူ တြိဂံနှစ်ခုရဲ့ ဧရိယာအချိုးဟာ လိုက်ဖက်အနားနှစ်ခု အလျားများရဲ့ နှစ်ထပ်အချိုးနဲ့ဖြစ်စေ၊ လိုက်ဖက်အမြင့်မျဉ်းနှစ်ခု အလျားများရဲ့ နှစ်ထပ်အချိုးနဲ့ဖြစ်စေ၊ လိုက်ဖက်ထောင့်ထက်ဝက်ပိုင်းမျဉ်းနှစ်ခု အလျားများရဲ့ နှစ်ထပ်အချိုးနဲ့ဖြစ်စေ၊ လိုက်ဖက်အလယ်မျဉ်းနှစ်ခု အလျားများရဲ့ နှစ်ထပ်အချိုးနဲ့ဖြစ်စေ တူတယ်ဆိုတဲ့ အချက်တွေကို သိထားရမယ်။ ဒီအခန်းက တချို့ပုစ္ဆာတွေ တွက်နိုင်ဖို့အတွက် အချိုးနဲ့ဆိုင်တဲ့ ဂုဏ်သတ္တိတွေကို ပြန်မှတ်မိဖို့လိုတယ်။

ဒါ့အပြင် နဝမတန်းမှာသင်ခဲ့ရတဲ့ အခြေတူ တြိဂံနှစ်ခုရဲ့ ဧရိယာအချိုးဟာ အမြင့်မျဉ်းနှစ်ခု အလျားများရဲ့ အချိုးနဲ့တူပြီး အမြင့်တူတဲ့ တြိဂံနှစ်ခုရဲ့ ဧရိယာအချိုးဟာ အခြေမျဉ်းနှစ်ခု အလျားများရဲ့ အချိုးနဲ့တူတယ်ဆိုတာကိုလဲ ပြန်မှတ်မိရမယ်။

အခန်း(၁၀)မှာ Vector အပိုင်းနဲ့ Transformation အပိုင်းဆိုပြီး နှစ်ပိုင်းဖော်ပြထားတယ်။ Vectors နဲ့ ပတ်သက်ပြီး အခြေခံအချက်တစ်ခုက Triangle Law of Addition ဖြစ်တယ်။ Geometry ပုစ္ဆာတချို့ကို Vector သုံးပြီး သက်သေပြခိုင်းရင် ပြတတ်ရမယ်။ Position Vector တွေနဲ့ပတ်သက်ပြီး အမှတ်တစ်ခု A ရဲ့ Position Vector ဟာ $\underline{OA}$ ဖြစ်ပြီး $\underline{AB}$ ကို A နဲ့ B တို့ရဲ့ Position vectors တွေနဲ့ဖော်ပြရင် $\underline{AB} = \underline{OB} – \underline{OA}$ ဖြစ်တယ်ဆိုတာကို သိထားရမယ်။ Transformation geometry နဲ့ပတ်သက်လို့ကတော့ reflection about $x^{\circ}–^{\circ}$axis, reflection about y-axis, rotation နဲ့ translation တို့ကို ကိုယ်စားပြုတဲ့ matrix အသီးသီးကို အလွတ်မှတ်မိဖို့ လိုအပ်ပါတယ်။ အဲဒီ matrix တွေနဲ့ပတ်သက်ပြီး(၁)မှတ်တန် မေးလေ့ရှိတယ်။

Trigonometry နဲ့ပတ်သက်တဲ့ အခန်း(၁၁)မှာ degree measure နဲ့ radian measure တို့ရဲ့ ဆက်သွယ်ချက်ဖြစ်တဲ့ $180^{\circ} = \pi$ radian ဆိုတဲ့ အခြေခံအချက်ကိုသိထားရမှာ ဖြစ်သလို circle တစ်ခုရဲ့ arc length, $s = r\theta$ နဲ့ Area of a sector $A = \frac{1}{2} r^2\theta$ ပုံသေနည်းနှစ်ခုကို မှတ်မိရပါမယ်။ ထောင့်ကျဉ်း၊ ထောင့်ကျယ်တြိဂံတွေကို ဖြေရှင်းဖို့အတွက် Law of Sine နဲ့ Law of Cosine တို့ရဲ့ ဖော်ပြချက်တွေကိုလဲ သိထားရမယ်။ Trigonometry identities တွေ သက်သေပြခြင်း၊ ညီမျှခြင်းတွေ ဖြေရှင်းခြင်းတို့ဟာလဲ သိထားသင့်တဲ့အချက်တွေ ဖြစ်တယ်။

နောက်ဆုံးအခန်းဖြစ်တဲ့ အခန်း(၁၂) Calculus အပိုင်းမှာတော့ အခြေခံအချက်တွေအနေနဲ့ function ရဲ့ limit ရှာခြင်းနဲ့ algebraic function, trigonometric function, exponential function နဲ့ logarithmic function တွေရဲ့ derivative တွေကို ရှာတတ်ဖို့လိုပါတယ်။ ဒါတွေကို သိထားမှသာ Application အပိုင်းမှာပါတဲ့ stationary point, maximum နဲ့ minimum တွေကို ရှာနိုင်မှာ ဖြစ်တယ်။

အခန်းအသီးသီးမှာပါတဲ့ အခြေခံအချက်တွေကို မှတ်မိဖို့ရာ ပုစ္ဆာများကို ကိုယ်တိုင်တွက်ကြည့်ဖို့ လိုအပ်တယ်။ ဆရာ ဆရာမတွေ တွက်ပြတာကို မျက်စိနဲ့ကြည့်ရုံနဲ့ မှတ်မိဖို့ရာ မလွယ်ပါဘူး။ ကိုယ်တိုင်တွက်ကျင့်မရှိရင် စာမေးပွဲခန်းထဲရောက်တဲ့အခါမှာ အခက်အခဲရှိတတ်ပါတယ်။ ဒါကြောင့် ဓမ္မဓိဋ္ဌာန်မေးခွန်းတွေကို မိမိကိုယ်တိုင် တတ်နိုင်သလောက်လေ့ကျင့်ပါ။ (၃)မှတ်တန်၊ (၅)မှတ်တန် မေးခွန်းများကိုလဲ အလေ့အကျင့်ရအောင် တွက်ကြည့်ပါလို့ တိုက်တွန်းလိုပါတယ်။ အလေ့အကျင့်ရ စေဖို့အတွက် မေးခွန်းဟောင်းများနဲ့ လေ့ကျင့်ပါလို့ ပြောလိုပါတယ်။

ဒီနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲဟာ စနစ်သစ်သင်ရိုးနဲ့ တတိယအကြိမ်စစ်မှာ ဖြစ်တဲ့အတွက် ကျောင်းသားကျောင်းသူများအနေနဲ့ စာမေးပွဲမေးခွန်းပုံစံကို တွေ့ဖူးပြီးသား ဖြစ်ပါလိမ့်မယ်။

Section A က multiple choice မေးခွန်းများဖြစ်တယ်။ မေးခွန်းပေါင်း(၂၅)ပုဒ်မေးထားပြီး တစ်ပုဒ်ကို တစ်မှတ်ပေးတဲ့အတွက် စုစုပေါင်း၂၅မှတ်ဖြစ်တယ်။ ကျောင်းသူ ကျောင်းသားတိုင်း **မဖြေမနေရ ဖြေရမယ့် Section** ဖြစ်တယ်။

Section B မှာ မေးခွန်း (၅)ပုဒ်ပေးထားတယ်။ မေးခွန်းတစ်ခုဟာ (၃)မှတ်တန်မေးခွန်းဖြစ်တဲ့အတွက် စုစုပေါင်း ၁၅မှတ်ဖြစ်တယ်။ ဒီ Section ဟာလဲ **choice မရှိဘဲ အားလုံးဖြေရမှာ** ဖြစ်တယ်။ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ အခန်း(၁၂)ခန်းထဲက ကြိုက်ရာအခန်းရဲ့ အခြေခံအချက်တွေအပေါ်မှီပြီးမေးမယ့် မေးခွန်းတွေ ဖြစ်တယ်။

Section C မှာကတော့ (၁၀) မှတ်တန်မေးခွန်း စုစုပေါင်း (၉)ပုဒ်မေးထားပြီး **ကြိုက်ရာ (၆)ပုဒ်ကို ဖြေရမှာ** ဖြစ်တယ်။ တစ်ပုဒ်စီမှာ (a) နဲ့ (b) ဆိုပြီး အပုဒ်ခွဲမေးတတ်သလို တစ်ခါတစ်ရံမှာတော့ မခွဲဘဲ မေးတာလဲရှိနိုင်တယ်။ တစ်ပုဒ်ကို (a) နဲ့ (b) ခွဲထားရင်တော့ (a) အတွက်(၅)မှတ်၊ (b) အတွက် (၅)မှတ်ပေးပြီး (a) , (b) ခွဲမထားရင်တော့ တစ်ပုဒ်လုံးကို (၁၀)မှတ်ပေးတယ်။ စုစုပေါင်း ခြောက်ပုဒ် ဖြေခိုင်းတဲ့အတွက် အမှတ်စုစုပေါင်းက ၆၀ ဖြစ်တယ်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

ထီးနုဆည်ရေဖြင့် အောင်မြင်သော နွေစပါးစိုက်ခင်းများ ခရိုင်ဥက္ကဋ္ဌကြည့်ရှု

မြဝတီ ဖေဖော်ဝါရီ ၂၇

ကရင်ပြည်နယ် မြဝတီခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်ဦး၊ အတွင်းရေးမှူး ဗိုလ်မှူးသန်းတင်၊ မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီးလှပိုတို့နှင့် တာဝန်ရှိသူတို့က ဖလူးကျေးရွာတွင် အောင်မြင်လျက်ရှိသော နွေစပါးစိုက်ခင်းများသို့ ဖေဖော်ဝါရီ ၂၅ ရက်က သွားရောက်စစ်ဆေးကြည့်ရှုကြပြီး ထီးနုဆည်မှ ရေအသုံးချမှု**(ဝဲပုံ)**နှင့် နွေစပါးအပြင်သီးထပ်၊ သီးညှပ်များ ပိုမို၍စိုက်ပျိုးလုပ်ကိုင်ကြရန် မှာကြားပြီး အင်ကြင်းမြိုင်နှင့် မဲ့ထော့်သလေးရွာတို့တွင် စိုက်ပျိုးထားသည့် နွေစပါးစိုက်ခင်းများသို့ သွားရောက် ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(၂၂၂)**

ပညာရေးစုံညီပွဲကျင်းပ

အင်းတော် ဖေဖော်ဝါရီ ၂၀

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ်၏ ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ် မိဘ ဆရာ ကျောင်းသားပညာရေး စုံညီပွဲတော်ကို ဇန်နဝါရီ ၂၅ ရက်က အင်းတော်မြို့မြအင်းသာခန်းမ၌ကျင်းပသည်။ အခမ်းအနားကို နိုင်ငံတော်သီချင်းသီဆို၍ ဖွင့်လှစ်ပြီး မြို့နယ်အတွင်းရေးမှူးဦးစိန်သောင်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်တင်အေးတို့က အဖွင့်အမှာစကား ပြောကြားပြီး တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ကြကြောင်း သိရသည်။ **(၁၃၃)**

သဲကုန်းမြို့နယ်၌ စာပေဟောပြော

သဲကုန်း ဖေဖော်ဝါရီ ၂၅

သဲကုန်းမြို့နယ် သဲကုန်းမြို့ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က သဲကုန်းမြို့နယ် ခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် ဟောပြောပွဲ ဖြစ်မြောက်ရေးဥက္ကဋ္ဌ ဦးသိန်းလွင်တို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး စာရေးဆရာများဖြစ်ကြသော ဆရာဝဏ္ဏစိုး၊ ဆရာမြင့်ဦးသစ်၊ ဆရာဖေမြင့်နှင့် ဆရာအော်ပီကျယ်တို့က စာပေရေးရာများ ဟောပြောကြသည်။ **(မြို့နယ် စာပေ၊ စာနယ်ဇင်း)**

မအူပင် ရေလဲလမ်း တိုးချဲ့ကတ္တရာခင်း

မအူပင် ဖေဖော်ဝါရီ ၂၈

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၂၇ ရက်က မအူပင်မြို့ ရေလဲလမ်းကတ္တရာလမ်းတိုးချဲ့ခင်းမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လမ်းဖောက်လုပ်မှု အခြေအနေများ ရှင်းလင်း တင်ပြသည်။ **(အပေါ်ပုံ)** ထို့နောက် အောင်ဟိတ်-ဆိတ်သာကျေးလက်မြေသားလမ်းဖောက်လုပ်မှုလုပ်ငန်းသို့ သွားရောက်ကြည့်ရှု၍ ညွှန်ကြားရေးမှူးချုပ်က လမ်းဘေးဝဲယာတွင် အရိပ်ရပင်များစိုက်ပျိုးရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရန် တာဝန်ရှိသူများကိုမှာကြားသည်။

အဆိုပါလမ်းသည်စမိုင်၃ဖာလုံနှင့် အကျယ် ၁၈ ပေရှိပြီး ဖောက်လုပ်ပြီးစီးပါက အောင်ဟိတ်- ဆိတ်သာ၊ စစ်ချောင်းနှင့် ဘီးလင်း ကျေးရွာအုပ်စုများ မအူပင်မြို့နှင့် တက္ကသိုလ်များသို့ လွယ်လင့်တကူ သွားလာနိုင်မည်ဖြစ်သည်။ **(မြို့နယ်စည်ပင်)**

စာပေဟောပြောပွဲကျင်းပ

ပေါင် ဖေဖော်ဝါရီ ၂၁

ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၁၃၆၅ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၆ ရက်က ပေါင်မြို့ စိန်ရုပ်ရှင်ရုံတွင် ကျင်းပရာ ပေါင်မြို့နယ်ဥက္ကဋ္ဌ ဦးမြကြိုင်က အမှာစကားပြောကြားသည်။ ထို့နောက်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝေ(မောင်စိမ်းညို-ပေါင်) က မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌထံမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားပြီး စာရေးဆရာများဖြစ်ကြသော ဆင်ဖြူကျွန်းအောင်သိန်း၊ သူရဇော်၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)နှင့် နွမ်ဂျာသိုင်းတို့က စာပေရေးရာများကို ဟောပြောကြသည်။ **(၂၆၀)**

ကျန်းမာရေးဆိုင်ရာ သိကောင်းစရာ စာတမ်းဖြေဆို

သီပေါ ဖေဖော်ဝါရီ ၂၁

ရှမ်းပြည်နယ် (မြောက်ပိုင်း)သီပေါမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၏ ဆယ်ကျော်သက်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သိမြင်ယူဆပြုမှုလေ့လာမှုစာတမ်းအတွက် သုတေသနမေးခွန်းများဖြေဆိုပွဲကို ဇန်နဝါရီ၃ရက်က အထက်တန်းကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်က အမှာစကားပြောကြားပြီး သီပေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအမှုဆောင် ဒေါ်ခင်သန်းဝင်းက ဆယ်ကျော်သက်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောပို့ချကြကြောင်း သိရသည်။ **(၃၀၆)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဖေဖော်ဝါရီ ၂၁ရက်က ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပန်းခြံအတွင်းရှိ မြက်ခင်းပြင်ကို မြေယာရှုခင်းအလှပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းကို အဖွဲ့ဝန်ထမ်းများဖြင့် စနစ်တကျဆောင်ရွက်လျက်ရှိရာအမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမိုးထိုက်တို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(၀၉၈)

မြန်မာ့အသံ

၃-၃-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (M.A ကျောက်ပုစွန်လုပ်ငန်း)
၁၁:၃၀ သောတရှင်အတွက်ပြန်ကြားချက်
၁၁:၄၀ ဟောပြောချက် (ပြည်သူ့အတွက်တပ်မတော်)
၁၂:၀၀ မြန်မာမှုအထွေထွေ(ကနီဦးလူညွန့်) (ဆောင်းနှောင်းနွေကူးထန်းဖိုဦး)
၁၂:၂၅ သူ့အတွေးနှင့်သူ့အရေး (အပြစ်ကင်းသော ဗဟုသုတ ဆည်းပူးခြင်းအတွေးအမြင်) (ညွှန့်ဟံ-ကြူတော)
၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (ခေတ်ရေစီးကြောင်းနှင့် အနုပညာမဂ္ဂဇင်းများ)(ဦးမင်းနိုင်)

ညနေပိုင်း

၁၆:၁၀ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ အထူးအစီအစဉ် (ဇီဝဗေဒနှင့်သမိုင်း)
၁၇:၃၀ အစာနှင့်အာဟာရ (ငါးဖယ်အောင်း)
၁၇:၄၅ ဆို၊ က၊ ရေး၊ တီးဆုရအစီအစဉ် (မန္တလေးတိုင်းမှ ဦးကောင်းခန့်(ခ) ဦးကျော်ဇင်ထွန်း၏ ပတ္တလားလက်သံ)
၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁) မာဃဝါဇီတ်(ဝတ္ထု-မင်းသိခ်) (၂) အာရှနိုင်ငံများကို ဖွဲ့ယူသိမ်းယူခဲ့ကြသည့် နယ်ချဲ့များ (ဒေါက်တာမတင်ဝင်း-ပညာရေးတက္ကသိုလ်)
၁၉:၁၅ ရင်တွင်းခံစား စစ်သည်တေးများ
၂၀:၃၀ အလင်္ကာဝတ်ရည်တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ချစ်ပြုံးတူတူပြိုင်တေးစီးရီး

စာမျက်နှာ ၁၅ မှ

၂၀၀၂ ခုနှစ်နဲ့ ၂၀၀၃ ခုနှစ်မေးခွန်းတွေကို အခြေခံပြီး ဖြေပုံဖြေနည်းကို ပြောပြမယ်။ Section A မှာ ကြည့်ရင် Answer all questions. **Choose the correct or the most appropriate answer for each question. Write the letter of the correct or the most appropriate answer** လို့ ဖော်ပြထားတာတွေ့ရမယ်။ Answer all questions မေးခွန်းအားလုံးကို ဖြေရမယ်။ Choose the correct or the most appropriate answer for each question ဆိုတာက မေးခွန်းတစ်ခုစီအတွက် အဖြေမှန် ဒါမှမဟုတ် အမှန်ကန်ဆုံးအဖြေကို ရွေးရမယ်။ Write the letter of the correct or the most appropriate answer ဆိုတာက အဖြေမှန် ဒါမှမဟုတ် အမှန်ကန်ဆုံးအဖြေကို ကိုယ်စားပြုတဲ့ **အက္ခရာကို ရွေးခိုင်းတာဖြစ်တယ်။** Section A က မေးခွန်းတွေကိုကြည့်ရင် တစ်ပုဒ်စီမှာ အဖြေငါးခုပေးထားပြီး အဖြေတစ်ခုစီကို capital letters A,B,C,D,E တစ်ခုစီနဲ့ ကိုယ်စားပြုထားတာ တွေ့ရလိမ့်မယ်။ ကျောင်းသားကျောင်းသူများအနေနဲ့ အမှန်ကန်ဆုံးအဖြေကို ကိုယ်စားပြုတဲ့ Capital letter ကို ရွေးရမှာဖြစ်တယ်။ **Capital letter အစား small letter ကို ရေးရင် အမှတ်လုံးဝမပေးပါဘူး။** အဲဒီအချက်ကို အထူးသတိထားရမှာ ဖြစ်တယ်။

Section B မှာ မေးထားတဲ့မေးခွန်း(၅)ပုဒ်အတွက် အဖြေမှန်ရဖို့အရေးကြီးသလို တွက်နည်းမှန်ဖို့လဲ လိုအပ်ပါတယ်။

Section C မှာ မေးခွန်း(၉)ပုဒ် ပေးထားပြီး ကြိုက်ရာ(၆)ပုဒ်ဖြေခိုင်းတဲ့အတွက် ကျောင်းသူကျောင်းသားများအနေနဲ့ မဖြေခင်မှာ ကိုယ်အဖြေနိုင်ဆုံးဖြစ်မယ်ထင်တဲ့ ပုစ္ဆာကို အရင်ရွေးဖြေသင့်ပါတယ်။ ပုစ္ဆာနံပါတ် အစဉ်လိုက်ဖြေဆိုစရာမလိုပါဘူး။ ကိုယ်ဖြေမယ့် ပုစ္ဆာရဲ့ နံပါတ်ကို မှန်အောင်တပ်ဖို့သာ လိုအပ်တယ်။ ဒီ section မှာ ပြဋ္ဌာန်းစာအုပ်က အခန်း(၁၂)ခုလုံး အကုန်ခြုံမိအောင် ပုစ္ဆာတွေကို မေးထားတာဖြစ်တယ်။

အခုဆက်ပြီး စာမေးပွဲဖြေတဲ့အခါ ယေဘုယျအားဖြင့် သတိပြုရမယ့် အချက်တွေကို ပြောပြမယ်။ စာမေးပွဲဖြေတဲ့အခါ Section A, Section B, Section C သုံးခုအနက် ကြိုက်တဲ့ section ကို အရင်ဖြေနိုင်တယ်။ သတိထားဖို့က ကိုယ်ဖြေတဲ့ **ပုစ္ဆာနံပါတ်ကို မှန်မှန်ရေးဖို့** ဖြစ်တယ်။

Section C ကို ဖြေဆိုတဲ့အခါမှာ (၉)ပုဒ်ထဲက ကြိုက်တဲ့(၆)ပုဒ်ကို ရွေးဖြေခိုင်းတဲ့အတွက် **(၆)ပုဒ်တိတိကျကျဖြေဖို့** ပြောလိုပါတယ်။ အပုဒ်ပိုဖြေတဲ့အတွက် အမှတ်ပိုမရနိုင်သလို တစ်ခါတစ်ရံ ရသင့်တဲ့အမှတ်ထက်လျော့သွားတာလဲ ရှိတတ်ပါတယ်။ နောက်တစ်ချက်က ပုံဆွဲပေးထားတဲ့ ဘယ်ပုစ္ဆာကိုပဲ တွက်တွက် **အဖြေစာအုပ်မှာ ပုံပြန်ကူးဆွဲ**ပြီးမှ ဖြေရမှာဖြစ်သလို ပုံဆွဲတွက်ရမယ့် ပုစ္ဆာကိုတွက်ရင်လဲ အဖြေလွှာပေါ်မှာ ပုံဆွဲပြီးမှ တွက်ရပါမယ်။ အဲဒီလို ပုစ္ဆာမျိုးတွေအတွက် **ပုံမပါရင် အမှတ်လုံးဝမပေးဘူး** ဆိုတာသိစေလိုပါတယ်။

သင်္ချာမေးခွန်းလွှာဟာ (၃)နာရီမေးခွန်းဖြစ်တဲ့အတွက် ပေးထားတဲ့အချိန်အတွင်းမှာ အပြီးဖြေနိုင်ဖို့ရာ စာမေးပွဲမဖြေမီ အထပ်ထပ် လေ့ကျင့်ထားဖို့လိုအပ်ပါတယ်။ ၂၀၀၂ ခုနှစ်နဲ့ ၂၀၀၃ ခုနှစ် မေးခွန်းဟောင်းများကို အချိန်နဲ့ကိုက်ပြီး ဖြေဆိုကြည့်ဖို့ တိုက်တွန်းလိုပါတယ်။

သင်္ချာဘာသာဟာ တွက်စာဖြစ်တဲ့အတွက် ဂုဏ်ထူးရဖို့ရာ လက်ရေးလှဖို့မလိုအပ်ပါဘူး။ လက်ရေးသေသပ်ခြင်း၊ ဂဏန်းများပီသခြင်း၊ တွက်နည်းမှန်ကန်ခြင်း၊ အဖြေမှန်ခြင်းများကသာ အဓိကဖြစ်တယ်ဆိုတာ ပြောကြားလိုပါတယ်။

ကျောင်းသား ကျောင်းသူများ စာမေးပွဲမှာ အမှတ်ကောင်းကောင်းရအောင် ဖြေဆိုနိုင်ပြီး ထူးချွန်စွာ အောင်မြင်ကြပါစေလို့ ဆုတောင်းရင်း ရပ်နားလိုက်ပါတယ်။ ။

မာန်အောင်မြို့ ကမ်းနားလမ်းနှင့်ဗိုလ်ချုပ်လမ်း ကတ္တရာလမ်းသစ်၊ အုန်းချောင်းတံတားနှင့် ကျောက်ဖြူမြို့ ဘုန်းကြီးကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲများကျင်းပ

ရန်ကုန် မတ် ၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မာန်အောင်မြို့ ကမ်းနားလမ်းရပ်ကွက်ရှိ ကမ်းနားလမ်းနှင့် ဗိုလ်ချုပ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ နှင့် အုန်းချောင်းတံတား သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ မာန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမောင်စိန်က ကမ်းနားလမ်းနှင့် ဗိုလ်ချုပ်လမ်း ကတ္တရာလမ်းသစ်ဖောက်လုပ်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်စိန်၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းကြည်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးပုဖြူတို့က လမ်းသစ်ကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး မြို့နယ်ဥက္ကဋ္ဌဦးလှသိန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာ ဦးစောလင်းတို့က အုန်းချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဖောက်လုပ်ခဲ့

အဆိုပါ ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၂၁၂၀၊ အကျယ် ၁၂ပေရှိ၍ ငွေကျပ် ၄၆သိန်း အကုန်အကျခံဖောက်လုပ်ခဲ့ပြီး အုန်းချောင်းတံတားမှာ အရှည် ၂၁၃ပေ၊အကျယ် ၁၂ပေရှိ၍ ငွေကျပ် ၄၁၆သိန်း အကုန်အကျခံဖောက်လုပ်ခဲ့ကြကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

ဖေဖော်ဝါရီ ၂၂ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် ကျောက်ဖြူမြို့နယ် ကင်းချောင်းအဝသို့ ရောက်ရှိပြီး ပင်လယ်ငါးခြောက်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ပင်လယ်ငါးဖမ်းလုပ်ငန်းနှင့် ပင်လယ်ငါးခြောက်လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဖေဖော်ဝါရီ ၂၃ရက် နံနက် ၉နာရီတွင် တိုင်းမှူးသည် ကျောက်ဖြူမြို့ ဘုန်းကြီးကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်သည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးအောင်ကြည်က အရှည် ၁၈၄၇ ပေ နှင့်အကျယ် ၁၂ ပေရှိ ဘုန်းကြီးကျောင်းလမ်းသစ်ကို ဒေသခံပြည်သူများမှ ထည့်ဝင်ငွေ ၃၉၇၈၂၂၅ ကျပ်၊ စည်ပင်သာယာရေးအဖွဲ့မှ ပံ့ပိုးငွေကျပ် ၁၂၉၀၀၀၀ စုစုပေါင်း ၅၂၆၈၂၂၅ ကျပ်အကုန်အကျခံဖောက်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ကျောက်ဖြူခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးတင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးအောင်ကြည်နှင့်လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌဦးဖြူသာထွန်းတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီးတိုင်းမှူးနှင့်တက်ရောက်လာကြသူများက လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးကြကြောင်းသိရသည်။ **(သတင်းစဉ်)**

စမ်းချောင်းမြို့နယ် ဂျီအီးစီပညာရေးသမဝါယမလီမိတက် ၂၀၀၂-၂၀၀၃ခုနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးနှင့် အစုပေါ် အမြတ်ငွေ ခွဲဝေပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက်က အထက(၂) စပယ်ခန်းမတွင်ပြုလုပ်ရာ အသင်းအုပ်ချုပ်မှုဒါရိုက်တာ ကျောင်းအုပ်ဆရာကြီး ဦးအေးက မြို့နယ်ပညာရေးမှူး ဦးဝင်းမော်ထံ ငွေကျပ် ၁၀၅၄၅၀၀ ကို ပေးအပ်စဉ်။ (၁၂၉)

ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းဖွင့်

ပခုက္ကူ ဖေဖော်ဝါရီ ၂၁

ပခုက္ကူမြို့နယ်အမျိုးသမီးရေးရာကော်မတီနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ကြီးမှူးဖွင့်လှစ်သော တိုင်းရင်းဆေးဖြင့် မိသားစုကျန်းမာရေးစောင့်ရှောက်မှုသင်တန်း အမှတ်စဉ်(၆/၂၀၀၄)ဖွင့်ပွဲကို ဇန်နဝါရီ ၁၇ရက်က ပခုက္ကူမြို့နယ် မြစ်ခြေရွာ ပြည်သူ့ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်တိုင်းရင်းဆေးမှူး ဦးလှကျော်က သင်တန်းရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါတိုင်းရင်းဆေးသင်တန်းကို သင်တန်းသား ၅၀၆ ဦးနှင့် ကျေးရွာပေါင်း ၁၆၀ အထိပို့ချပေးနိုင်ကြောင်း သိရသည်။ **(၄၁၃)**

ထိုင်းနိုင်ငံဗန်ကောက်မြို့ရှိ ဗန်ကောက်ဆေးရုံကြီး မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် မတ် ၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဗန်ကောက်ဆေးရုံကြီးမိတ်ဆက်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်ညနေ ၄နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ဆရာဝန်ကြီးများ၊ ပုဂ္ဂလိကဆေးရုံများမှ တာဝန်ရှိသူများ၊ ဆေးကုသခံယူဖူးသူ လူနာဟောင်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် ရန်ကုန်ဆေးတက္ကသိုလ်(၁) ဆေးပညာဌာန ဌာနမှူး ပါမောက္ခဦးစောနိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။**(အောက်ပုံ)**

ထို့နောက် Bangkok Hospital Bangkoke Heart Instituteမှ Prof. Kiertijai Bhuripanyo က "What's New & What's Next about Cardiology"ကို လည်းကောင်း၊ Dr.Sureerat Panyarachun က Indication and Benefit of Angioplastyကို လည်းကောင်း၊Bangkok Hospital မှ Consultant of Neurosurgery, Dr. Dittapong Boonampol က "Neuro-Surgical Revolution" ကို လည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ယင်းနောက် Sea Lion Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာဝင်းဇော်အောင်က ဗန်ကောက်ဆေးရုံကြီး မြန်မာပြည်ရုံးခွဲနှင့် ပတ်သက်၍ လည်းကောင်း၊ Bangkok Hospital မှ IMC Marketing Manager, Mr. Ralf Krewer က ဗန်ကောက်ဆေးရုံကြီးနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်လှစ်ထား

ဗန်ကောက်ဆေးရုံကြီး မြန်မာပြည်ရုံးခွဲကို ရန်ကုန်မြို့ အမှတ် ၂၂၃၊ ဗိုလ်မြတ်ထွန်းလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း-၀၁-၂၀၂၁၂၀၊ ၂၉၉၅၇၆ တို့၌ လည်းကောင်း၊ မန္တလေးမြို့၌ အမှတ် ၃၀၀၊၈၁ လမ်း(၂၄ လမ်းနှင့် ၂၅လမ်းကြား) ဖုန်း-၀၂-၃၂၉၈၁ ၌ လည်းကောင်း ဖွင့်လှစ်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျေးရွာချင်းဆက် ကားကူးတံတားဖွင့်

ကောလင်း ဖေဖော်ဝါရီ ၂၀

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် ကျေးရွာချင်း ဆက်ကားကူးတံတားသစ်ကို ဇန်နဝါရီ ၂၄ရက်က ကောလင်းမြို့နယ် တောင်ကြားအုပ်စု ဆင်းမကျေးရွာရှိ အဆိုပါ တံတားထိပ်တွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌဦးထွားမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(၀၂၆)**

ဘိလိယက်နှင့်စနုကာ နွေရာသီသင်တန်းများဖွင့်မည်

ရန်ကုန် မတ် ၁

အားကစားဝန်ကြီးဌာနအားကစားနှင့် ကာယပညာဦးစီးဌာန၏ညွှန်ကြားချက်နှင့်အညီ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနုကာအဖွဲ့ချုပ်က ကြီးမှူး၍ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူများ အချိန်ကို အကျိုးရှိရှိ အသုံးချနိုင်ရန်နှင့် ကျန်းမာသန်စွမ်းရန်အတွက် လည်းကောင်း၊ မျိုးဆက်သစ် ဘိလိယက်နှင့်စနုကာ အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍လည်းကောင်း နွေရာသီ ဘိလိယက်နှင့် စနုကာ အခြေခံသင်တန်းကိုမတ် ၁၅ ရက်မှ ဧပြီ ၉ ရက်အထိ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနုကာအဖွဲ့ချုပ် အောင်ဆန်း အားကစားပြိုင်ဝင်း(အထူးတန်းစင်မြင့်) အောက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသည့် လူငယ် များသည် သင်တန်းဝင်ခွင့် လျှောက်လွှာများဖြည့်စွက်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပျော်ဘွယ်မြို့တွင်းလမ်းတိုးချဲ့ကတ္တရာခင်း

ပျော်ဘွယ် ဖေဖော်ဝါရီ ၂၃

ပျော်ဘွယ်မြို့ မြို့တွင်းဖြတ် ရန်ကုန်-မန္တလေး ကားလမ်းတိုးချဲ့ ဖောက်လုပ်ရေးလုပ်ငန်းများကို ယုဇနကုမ္ပဏီလီမိတက်က စက်အား၊ လူအားအပြည့်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဖောက်လုပ်

ယင်းသို့ ဖောက်လုပ်ရာတွင် မိုင်တိုင်အမှတ် ၃၁၁/၂ မှ ၃၁၂/၂ အထိ တစ်မိုင်အရှည်ကို မူလ ၂၄ ပေ အကျယ်မှ ယာဉ်များသွားလာမှုပိုမိုကောင်းမွန်ရန် ယခုအကျယ်ပေ ၄၀ အထိတိုးချဲ့ ကတ္တရာလမ်းခင်းဖောက်လုပ်သည်။

ရှင်းလင်း

မြို့တွင်းကားလမ်းဖောက်လုပ်ရေးလုပ်ငန်းသို့ ဇန်နဝါရီ ၂၆ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊ အဖွဲ့ဝင် (၁) ဒုရဲမှူး အောင်သန်းတို့လိုက်လံကြည့်ရှုစစ်ဆေးကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့တော်အင်ဂျင်နီယာ ဦးတင်ဦးက ရှင်းလင်းပြသသည်။

ယုဇနကုမ္ပဏီလီမိတက်သည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကို မိတ္ထီလာနှင့် ရမည်းသင်းမြို့နယ် အကြားလမ်းပိုင်း၌ တာဝန်ယူဖောက်လုပ်ခြင်းဖြစ်သည်။ **(၂၅၀)**

၂၀၀၃ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ပြိုင်ပွဲဝင်စာမူများ မတ် ၁၅ ရက်အထိ နောက်ဆုံးထား တင်သွင်းနိုင်

ရန်ကုန် မတ် ၁

၂၀၀၃ခုနှစ်အတွက် စာပေဗိမာန်စာမူပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ၂၀၀၄ခုနှစ် ဇန်နဝါရီ ၃၁ရက် နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာထားပြီးဖြစ်သည်။

သို့ရာတွင် အရည်အသွေးရှိသည့် ကလောင်ရှင်များ၏ အကျိုးပြုစာပေ လက်ရာများ ပိုမိုပေါ်ထွန်းလာစေရန် ရည်ရွယ်၍ စာမူလက်ခံရက်ကို တိုးမြှင့်လိုက်ရာ ယှဉ်ပြိုင်လိုသူများသည် ၂၀၀၄ခုနှစ် မတ် ၁၅ရက် နောက်ဆုံးထား၍ တင်သွင်းနိုင်သည်။ ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို နယ်မှ မှာယူလိုသူများသည် တံဆိပ်ခေါင်းဖိုးငွေ ကျပ် ၄၀ ပေးပို့၍ မှာယူနိုင်ပြီး စည်းကမ်းချက်တွင်ပါရှိသည့် ဘာသာရပ်အလိုက် စာလုံးရေကန့်သတ်ချက်အတိုင်း ပြိုင်ပွဲဝင်နိုင်သည်။ ဘာသာပြန်စာမူအတွက် မကြာမီ ပြဋ္ဌာန်းကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၂၄ရက်က ကျောက်မဲမြို့ တံခွန်တိုင်အုပ်စု၊ ခဲမွန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးမောင်ဘို၊ ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းစံလူနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းရွှေငွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (က-ပ)

Grand Wynn Enterprises Ltd. နှင့်ထိုင်းနိုင်ငံ S.C Artistry Co.,Ltd. တို့ ပူးပေါင်း၍ Lolane Hair Products ပစ္စည်းအသစ်များ အသုံးပြုပုံ၊ ဆံကေသာအလှပြုပြင်ခြင်းနှင့်လက်တွေ့သရုပ်ပြဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၇ရက်က ကုန်သည်လမ်းရှိ သမီးတော်အလှပြုပြင်ရေးခန်းမတွင် ကျင်းပရာ ထိုင်းနိုင်ငံ အလှဖန်တီးရှင်များအသင်းဥက္ကဋ္ဌ Dr.Prasertsak က ရှင်းလင်းဆွေးနွေးစဉ်။ (က-ပ)

ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီး ထီးတော်တင်လှူ ပူဇော်ပွဲ

ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီးအား မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌမှ ကြီးမှူးပြီး အများပြည်သူ ဒကာအပေါင်းတို့မှ ဘက်စုံပြုပြင်တည်ဆောက်ပြီးစီးပြီးဖြစ်ပါသည်။

အသစ်ပြုပြင်မွမ်းမံပြီးသော ဂန္ဓကုဋိတိုက် ဘုံပြာသာဒ်ကြီးအား ထီးတော်တင်ပူဇော်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေး အလှူရှင်အများပြည်သူအပေါင်းအား အသိပေးနှိုးဆော်အပ်ပါသည်။

နေ့ရက် – တပေါင်းလဆန်း(၁၅)ရက် နံနက်ပိုင်း
၅-၃-၂၀၀၄ (သောကြာနေ့)

မင်္ဂလာဆိုင်း၊ အငြိမ့်၊ ဇာတ်ပွဲများဖြင့် ၄-၃-၂၀၀၄ မှ ၅-၃-၂၀၀၄ ထိ စတုဒိသာ အကျွေးအမွေးဖြင့် ဧည့်ခံကျွေးမွေးပါမည်။

ဘက်စုံတည်ဆောက်ပြုပြင်ရေးကော်မတီ။

ရောင်းမည်

အယ်ဒေးရှင်းခွေးသားပေါက်များ ရောင်းရန်ရှိသည်။

ရုံးချိန် ၃၆/၂ လမ်း၊ လမ်းမတော် (၂၁၁၄၈၀) ရုံးချိန်ပြင်ပ ဖုန်း–၀၉ ၉၉ ၂၂၄၇၈

တိုက်ခန်းအမြန်ရောင်းမည်

- မြေ(20 x 45) [illegible] (800)
- M.B.R(1) S.R (2) AIRCON (3) SOFA(1)စုံ
- [illegible]
- [illegible]
- No(23/25) [illegible]

- မြေ(25x55) [illegible]
- [illegible] M.B.R (2) S.R (2) AIRCON (5) [illegible] (2)ခု
- PH(1) [illegible] (1) [illegible] (3)ခု
- [illegible]
- [illegible]

ဆက်သွယ်ရန် → 09-99-25305 / 09-90-64305

[illegible]

စံအိမ်နီ အင်တာနေရှင်နယ် ထရေးဒင်းကုမ္ပဏီလီမိတက်

SUN BRAND အာမခံ RUBBER ROLLER

SAN EIN NI INTERNATIONAL TRADING CO., LTD.

အထူးလျှော့ဈေး



စံအိမ်နီ အင်တာနေရှင်နယ် ထရေးဒင်းကုမ္ပဏီလီမိတက်မှ ဂျပန်နည်းပညာ၊ ဂျပန်စက်ကြီးများဖြင့် ထုတ်လုပ်သော ပြည်တွင်းဖြစ် [illegible] ကြိတ်ခွဲအားကောင်းပြီး [illegible] 10"x10" နှင့် 6"x8 ¾" ရော်ဘာကြိတ်လုံးများကို [illegible] ဝယ်ယူရရှိနိုင် ပါသည်။ (1 . 3 .2004) မှ (30 . 4 .2004) ရက်နေ့ထိ Promotion ကာလအတွင်း [illegible] (10) လုံး ဝယ်လျှင် (1)လုံးလက်ဆောင် ပေး၍ ရောင်းချပေးနေပါသည်။

- 10" x 10" ရော်ဘာကြိတ်လုံး (1) လုံးလျှင် – ကျပ် 33000
- 6" x 8 ¾" ရော်ဘာကြိတ်လုံး (1) လုံးလျှင် – ကျပ် 18000
- 10"x 10" ရော်ဘာကြိတ်လုံးတစ်လုံးကို 10" x 8" သံခွံတစ်လုံးပေးပြီး ဝယ်ယူလျှင် – ကျပ် 4000 လျှော့ပေးမည်။
- 6" x 8¾" ရော်ဘာကြိတ်လုံးတစ်လုံးကို 6" x 7" သံခွံတစ်လုံးပေးပြီး ဝယ်ယူလျှင် – ကျပ် 2000 လျှော့ပေးမည်။
- 10" x 8" သံခွံတစ်လုံး စက်ရုံအရောက်ဝယ်ဈေး – ကျပ် 1200 ဖြင့်ဝယ်ယူသည်။
- 6" x 7" သံခွံတစ်လုံး စက်ရုံအရောက်ဝယ်ဈေး – ကျပ် 750 ဖြင့်ဝယ်ယူသည်။
- ရော်ဘာကြိတ်လုံးများကို နယ်ကိုယ်စားလှယ်ယူလိုသူများနှင့်ဆန်စက်ပိုင်ရှင်များ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန် – ဦးချစ်မိုးဆွေ ၊ ဒေါ်သီတာမြင့်

အိမ် – အမှတ် (143)၊ [illegible] ရန်ကုန်မြို့။ ☎ – 01-542255

စက်ရုံ – အမှတ် (21)၊ [illegible] ရန်ကုန်မြို့။ ☎ – 01-290302

(1-3-2004) မှ (30-4-2004) ရက်နေ့အထိ ဤကြော်ငြာဖြတ်ပိုင်းဖြင့် 10"x10" (သို့) 6"x8¾" ရော်ဘာကြိတ်လုံးတစ်လုံးအတွက် 10% လျှော့ပေးမည်။

မီးစက်ရောင်းရန်ရှိသည်

(လက်ရှိအသုံးပြုဆဲ)
– 225 KVA
– အသုံးပြုပြီး နာရီ (၅၀၀၀)

ဆက်သွယ်ရန်

ဖုန်း–၂၀၀၅၃၅
(ရုံးချိန်အတွင်း)

'ရန်ကုန်' အိမ်အရောက်ထမင်းချိုင့်ပို့ဆောင်ရေးလုပ်ငန်း

တစ်လလျှင်နေ့/ည ၃၀၀၀ဝိ/တစ်လစာကြိုတင်သွင်းရမည်။ ရန်ကုန်မြို့တွင်း/မြို့ပြင် အချိန်မီ ပို့ဆောင်ပေးပါသည်။ ရုံးဝန်ထမ်းများ၊ ကုမ္ပဏီများ၊ စက်ရုံအလုပ်ရုံများအတွက် အထူးအစီအစဉ် ပို့ပါမည်။ မတ်လ (၁)ရက်နေ့မှ စတင်ပို့ဆောင်လျက်ရှိပါသည်။

တစ်ခဲနက်အားပေးကြသော မိဘပြည်သူများကို အထူးကျေးဇူးတင်ပါသည်။

ရန်ကုန် ထမင်းချိုင့်ပို့ဆောင်ရေး
အမှတ် ၈/၃ သုခလမ်း၊ ကျောက်ရေတွင်း
မရမ်းကုန်း
ဖုန်း–၆၆၄၅၁၇

[illegible]

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ပါးပါး အသက်(၈၇)နှစ် (မော်လမြိုင်)

မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်၊ ၉ လမ်း၊ အမှတ် ၅၅ နေ ဦးအောင်သန်း (စောင့်ရှောက်ရေးမှူး၊ ပြည်တွင်းကုန်တင်ကုန်ချရုံး)–မတင်အေးတို့၏ မိခင် ဒေါ်ပါးပါးသည် ၂၁–၂–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးတင်ကြိုင်–ဒေါ်ကြည်မြင့် မိသားစု (နံနက်ခင်းသစ်ကုမ္ပဏီ)

(၄)နှစ်ပြည့် ဆုတောင်းမေတ္တာ

ဒေါ်မူမူ (မာမီမူ)

တပ်မတော် အရပ်ဘက်သူနာပြုဆရာမကြီး

၂–၃–၂၀၀၀နေ့တွင် ချစ်သော မိသားစုအား အမြဲခွဲခွာသွားခဲ့ရတဲ့ မာမီမူရဲ့ ကျေးဇူးအနန္တကို မေ့မရနိုင်ကြပါ။ မာမီဟာ ကျန်ရစ်သူခင်ပွန်းနှင့် မိသားစုတို့ရဲ့ ရင်ထဲမှာ အမြဲရှင်သန်နေမှာ ဖြစ်ပါတယ်။ မာမီရောက်ရှိရာတွင် ငြိမ်းအေးခြင်း ရှိပါစေ။ မာမီအတွက် ရည်စူးပြုလုပ်ကြတဲ့ ဒါန၊ သီလ၊ ဘာဝနာနဲ့ ဝိပဿနာကုသိုလ် အစုစုအတွက် အမျှပေးဝေပါတယ် မာမီရယ်။ ရောက်ရှိရာဘုံဘဝမှာ သာဓုများစွာ ခေါ်နိုင်ပါစေ။

ခင်ပွန်း–ဗိုလ်မှူးကြီးလှဘူး (ငြိမ်း)နှင့် သားသမီး၊ မြေးများ။

ဒေါ်ကျင်နု
အငြိမ်းစားဆရာမ
St. John Convent နှင့် အထက-၂၊လသာ
အသက်(၈၂)နှစ်

ရွှေတောင်ကုန်းရိပ်သာ၊ ဗဟန်းမြို့နယ်နေ (ဦးချစ်)၏ဇနီး၊ ဒေါ်အမာ၊ ဒေါ်တင်ဝင်းဝင်းခိုင်၊ (ဒေါ်သန်းသန်းချစ်)တို့၏မိခင်၊ ကိုအောင်သူ–မငြေးနိုင်နိုင်၊ ကိုမိုးကျော်စွာ–မအဲလစ်ဇဘက်အဲန်ချစ်သာ–မနှင်းမြဦး၊ ကိုကျော်လင်းမင်း–မထားထားပါ၊ ကိုနိုင်ဦး၊ ကိုဇော်လွင်အောင်–မမေစုအောင်၊ ကိုရဲသူရသန်း–မအေးမိမိခိုင်တို့၏အဘွား၊ မောင်အောင်ကျော်ဖြိုး၊ မသဲပြည့်မိုး၊ မောင်ကျော်ဇေဟိန်း၊ မောင်ကျော်စည်သူ၊ မောင်ထင်လင်းအောင်၊ မောင်အာကာမိုးမြတ်၊ မောင်ကောင်းမြတ်ထက်ခိုင်၊ မောင်မင်းခေါင်ကျော်စွာ၊ မအေးချမ်းလင်းလင်းမင်းတို့၏ ဘွားဘွားကြီးသည် ၂၈-၂-၂၀၀၄ရက် ည ၁၀:၄၅ နာရီတွင် အမှတ် ၁၄၂၊ ၄၇လမ်း၊ ဗိုလ်တထောင်မြို့နယ်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၉-၂-၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ အမှတ် ၁၄၂၊ ၄၇လမ်း၊ ဗိုလ်တထောင်မြို့နယ်သို့ ၃-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၉နာရီအတွင်း ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊တံတိုင်း၊တန်ဆောင်း၊ပိဋကတ်သုံးပုံဒါယကာကြီး
ဦးကျော်ရှိန်း
ဒုတိယညွှန်ကြားရေးမှူး
ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်တွေခရိုင် (အငြိမ်းစား)
First Year B.A (B.Dh.)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၅)ရပ်ကွက်၊ စောရန်နိုင်လမ်း၊ အမှတ် ၁၉ နေ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် (ဦးကျားကြီး–ဒေါ်သူ)တို့၏သား၊ (ဦးပြုံးချို–ဒေါ်စောခင်)တို့၏သားသမက်၊ ဦးပညာသာမိ၊ ဦးဥတ္တမ၊ ဦးပညာဇောတ(လယ်တီကျောင်းသစ်၊ ညောင်ကုန်းကျောင်းတိုက်)တို့၏တူ၊ ဒေါ်ကြင်သန်း(အလပြ၊ ငြိမ်း၊ အမက–၁၅၊ ဒဂုံ/မြောက်)၏ခင်ပွန်း၊ (ဦးသိန်း–ဒေါ်စန်းမြိုင်)၊ (ဦးအောင်စိန်)–ဒေါ်စန်းလှိုင်၊ ဦးကြည်–ဒေါ်မြင့်ရီ၊ ဦးစံသိန်း–ဒေါ်တင်ညွန့်၊ (ဦးလှငြေး)–ဒေါ်တင်ဝင်းတို့၏ ညီ/မောင်/အစ်ကို၊ ဦးကံထွန်း(ဦးစီးအရာရှိ၊ ခရိုင်ထွေ/အုပ်၊ မိတ္ထီလာခရိုင်)–ဒေါ်ချိုချိုဦး၊ (ကျော်သန်းဦး)၊ ဦးကျော်မိုး–ဒေါ်တင်စိုးသက်၊ ဦးသန့်ကျော်(ဒု–ဦးစီးမှူး၊ ထွေ/အုပ်၊ ဖာပွန်မြို့နယ်)–ဒေါ်မေတင့်သွင်၊ ဒေါ်ချိုနွယ်ဦး(ထွေ/အုပ်၊ ဒဂုံ/မြောက်မြို့နယ်)၊ ဒေါ်နီလာဆန်း(ဒု–ဦးစီးမှူး၊ ထွေ/အုပ်၊ ဒဂုံ/တောင်မြို့နယ်)တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁-၃-၂၀၀၄ရက် မွန်းလွဲ ၁၂:၂၅ နာရီတွင် ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၅-၃-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဇော်တင့် (ကိုထူး)
(Chief Engineer)
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၂(ခ)နေ ဒေါ်ခင်မေလတ်၏ခင်ပွန်း၊ ဦးဘရွှေ–ဒေါ်မြသိန်းတို့၏သား၊ (ဦးခင်မောင်လတ်)–ဒေါ်ညိမ်းညိမ်းတို့၏သားသမက်၊ ဦးဇော်လတ်(နည်းပြ၊ သချာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ မမေသက်နွယ်တို့၏ဖခင်၊ ဦးတင်ထွဋ်–ဒေါ်ခင်ဆွေလတ်၊ ဦးသူရ–ဒေါ်ညွန့်ညွန့်ဝေတို့၏အစ်ကို၊ တူ တူမ ငါးယောက်တို့၏ဘကြီးသည် ၂၇-၂-၂၀၀၄ရက်(သောကြာနေ့) ညနေ ၅:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်လေးသောင်း
အသက်(၆၈)နှစ်

မကွေးတိုင်း၊ဆင်ဖြူကျွန်းမြို့၊ပြန့်လွင့်ရပ်နေ (ဦးညွန့်–ဒေါ်နှင်းဆိုင်)တို့၏ သမီး၊ ဒေါ်ကျင်မေ၊ ဒေါ်ကျင်ရွှေ၊ ဒေါ်အေးကြည်တို့၏ညီမ၊ ဦးစန်းမောင်၏အစ်မ၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်း(၁)၊ ဇီဇဝါလမ်း၊ အိမ်အမှတ် ၉ နေ ဗိုလ်ကြီးမြခင်(ငြိမ်း)၏ဇနီး၊ ဦးသန်းအုန်း (Swift Winds Co., Ltd.)၊ ဒေါ်ငြေးငြေးမြင့်၊ (ခင်မြဇင်)၊ (ဒေါ်ငြေးငြေးတင့်)၊ တကခင်မောင်ငြေး၊ ဒေါ်ဝင်းမာ၊ ဦးကိုကိုအောင်၊ ဒေါ်အေးအေးခိုင်၊ဒေါ်မာမာခင်(ကထိက၊ ပထဝီဝင်ဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးဇော်အောင်–ဒေါ်နီနီခင်(စလင်း)၊ ဦးဝင်းထွေး–ဒေါ်နီလာကျော်တို့၏မိခင်၊ မြေး ၁၂ယောက်တို့၏အဘွားသည် ၂၉-၂-၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၇:၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၃-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသီဟန်ထွန်း
(အငယ်တန်းအင်ဂျင်နီယာ–၁၊ ရေသန့်)
အသက်(၆၀)

မကွေးတိုင်း၊ မိကျောင်းရဲမြို့နယ်နေ ဦးလှခင်–ဒေါ်ကျင်မြိုင်တို့၏ သား၊ ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ နီဗွာန်လမ်း၊ အမှတ် ၅၀ နေ ဦးမောင်မြ–ဒေါ်ကျင်စိန်တို့၏သားသမက်၊ ကြည့်မြင်တိုင်မြို့နယ်၊ သာခုအရှေ့ရပ်ကွက်၊ နီဗွာန်လမ်း၊ အမှတ် ၅၂ နေ ဒေါ်ထွေးကြည်၏ခင်ပွန်း၊ မကွေးတိုင်း၊ အောင်လံမြို့နေ ဦးဟုတ်ကြည်–ဒေါ်လှမြင့်ငြေးတို့၏အစ်ကို၊ ကိုအောင်ဇော်တိုး–မခင်ယုယုမြိုင်၊ ကိုရဲမင်းထွန်း–မစန်းစန်းဝင်း၊ ကိုမျိုးဝင်း–မပပထွန်းတို့၏ဖခင်၊ မညီလဲ့နွယ်၊ မောင်မျိုးသာခင်တို့၏အဘိုးသည် ၁-၃-၂၀၀၄ရက် (တနင်္လာနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

မမေဇွန်သိန်းလွင်
(ဒုတိယတန်း–ဘီ၊ အလက–၁၊ ဒဂုံ၊ ရန်ကုန်)
အသက်(၉)နှစ်

မော်လမြိုင်မြို့နေ ဦးတရုတ်–ဒေါ်သိန်းတင်၊ (ဦးသာဒင်)–ဒေါ်မြင့်အေးတို့၏မြေး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ် ၂ လမ်း၊ အမှတ် ၂၁/၅ (ဘီ)နေ ဦးသိန်းလွင်(ကောင်လေးကြီး) – ဒေါ်တင်တင်ဝင်းတို့၏သမီးငယ်၊ မပင်စည်သိန်းလွင်(စတုတ္ထတန်း–F၊ အလက–၁၊ ဒဂုံ)၏ညီမသည် ၁-၃-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂:၁၀ နာရီတွင် ရန်ကုန်ကလေးဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉:၄၅ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောပီတာအန်း
B.A (Geography)
(ဆည်မြောင်းဦးစီး)တည်ဆောက်ရေး(၅)
အသက်(၄၉)နှစ်

ရွှေပြည်သာမြို့နယ်၊ ၆/၉ရပ်ကွက်၊ ၁၈၂(က)၊ ဇော်ဂျီလမ်းနေ (ဦးစောဘိုအန်း)–ဒေါ်ဖြူစေတို့၏သား၊ ဦးစံရွှေဖြူ(မင်းပြား ရဲစခန်း)–ဒေါ်ဘိုဘို၊ ဦးစောဘူဂေး–ဒေါ်မေလေးတို့၏ ညီ/မောင်၊ ဦးခင်အောင်–ဒေါ်တင်တင်လှ၊ ဦးတိုး–ဒေါ်မူမူအန်း (စက်မှု–၁၊ ကြွေ/မြေ)၊ မဝါဝါအန်း၊ မမျိုးမျိုးအန်း၊ မောင်ဆန်းဝင်းအန်း၊ မငြေးလ်ဒါအန်းတို့၏အစ်ကို၊ တူ တူမ ၁၅ ယောက်၊ မြေးနှစ်ယောက်တို့၏ဘိုးလေးသည် ၁-၃-၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၂:၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၃၀ နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံသုသာန်၌ ပို့ဆောင်ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ရီ
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၅၊ အလုံ၊ ဌာနာလမ်းနေ (ဦးမောင်မောင်)၏ဇနီး၊ ဒေါ်ခင်ခင်နွဲ့၊ ဒေါက်တာဝမ်းမောင်(ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန)–ဒေါက်တာမေမာလာဆွေ(ဗဟိုအမျိုးသမီးဆေးရုံကြီး)၊ ဦးသန်းထွန်း(ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း၊ အမှတ်–၂၊ စက်မှုဝန်ကြီးဌာန)–ဒေါ်ရီသန်း၊ ဒေါ်ဝင်းဝင်းမာ(လက်ထောက်ညွှန်ကြားရေးမှူး၊ လဝက)–ဦးမောင်မောင်လတ်တို့၏ကျေးဇူးရှင်မိခင်၊ ဒေါက်တာဝါဝါဝမ်းမောင်–ဒေါက်တာကျော်စိုးကျော်၊ ခင်သန္တာထွန်း၊ ဇင်မာသန်း၊ စုစုအောင်၊ ယဉ်မင်းထွန်း၊ မေသူလတ်၊ မောင်ချမ်းငြိမ်း(ဆေး–၁)၊ ညီညီထွန်း၊ စိုးမိုးနိုင်(တက္ကသိုလ်လေ့ကျင့်ရေးကျောင်း)တို့၏အဘွားနှင့် ခင်ခင်စိုး၏အဘွားဖြစ်သူ ဒေါ်ခင်ရီသည် ၁-၃-၂၀၀၄ရက် ည ၇ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ရီ
အသက်(၈၅)နှစ်

ဒေါက်တာဝမ်းမောင် (ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန)–ဒေါက်တာဒေါ်မေမာလာဆွေ(သားဖွား/မီးယပ်အထူးကုဆရာဝန်ကြီး၊ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်)တို့၏မိခင်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေကုသရေးဌာနမှ ဒေါက်တာဝါဝါဝမ်းမောင်၏ အဘွားသည် ၁-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝန်ထမ်းမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စန်းလွင် (ဘက်ရဲ–ကြံခင်းမြို့နယ်)
အသက်(၇၂)နှစ်

ဧရာဝတီတိုင်း၊ ကြံခင်းမြို့နယ်၊ ဘက်ရဲမြို့နေ ကျောင်းအုပ်ဆရာကြီး (ဦးဘအေး–ဒေါ်အေးကြည်)တို့၏သမီး၊ (ဦးသော်–ဒေါ်လှတင်)တို့၏သမီးချွေးမ၊ ဦးသောင်းရွှေ၏ဇနီး၊ ဦးခင်မောင်သောင်း–ဒေါ်ခင်စန်း၊ ဦးတိုးလွင်၊ ဗိုလ်မှူးစိုးနိုင်–ဒေါ်စောမိုမို၊ ဒေါ်သက်သက်လွင်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၂-၂-၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၂၃-၂-၂၀၀၄ရက် (တနင်္လာနေ့)တွင် ဘက်ရဲမြို့ ဘုရားရှစ်ဆူသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပြီးစီးပြီး ကွယ်လွန်သူအား ရည်စူး၍ ၂၈-၂-၂၀၀၄ရက် (စနေနေ့) နံနက် ၅ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်အေးမြင့် (ပျဉ်းမနား)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း၊ တိုက်အမှတ် ၅၀၊ တတိယထပ်နေ (သခင်ဗနီ)၏ဇနီး၊ ဦးကြည်စိုး–ဒေါ်နှင်းဆီ၊ ဒေါ်စပါယ်၊ ဦးသန့်ဇင်–ဒေါ်သီတာဦး၊ (ဦးငွေစိုး)–ဒေါ်ခင်မမ၊ ဦးဇော်သိန်း–ဒေါ်မြတ်လေးနွယ်တို့၏မိခင်၊ မြေး ၁၂ ယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ၁-၃-၂၀၀၄ရက် မွန်းလွဲ ၁၂:၅၀ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အေးမြင့် (မုဒုံ)
အသက်(၇၄)နှစ်

မုဒုံမြို့နေ (ဦးပါတင့်–ဒေါ်စောနု)တို့၏သမီး၊ ရန်ကုန်မြို့၊ ၁၄၃/ခ၊ ရန်ရှိန်လမ်း၊ ရန်ကင်းမြို့နယ်နေ (ဗိုလ်ကြီးခင်မောင်ရွှေ)၏ဇနီး၊ (ဦးခင်မောင်ဆွေ)–ဒေါ်မဥ္ဇူရွှေ၊ ဒေါက်တာအေးလွင် (ရွှေဂုံတိုင်အထူးကုဆေးခန်း)–ဒေါ်သဥ္ဇာရွှေ၊ မခင်သန္တာရွှေ၊ မခင်သီတာရွှေတို့၏မိခင်၊ မသုသုအောင်(2nd MB, IMI)၊ မခိုင်ခိုင်ဇင်၊ မောင်အောင်ဆွေမိုး၊ မောင်ကျော်ကျော်ဆွေတို့၏အဘွားသည် ၁-၃-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၂ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅ နာရီတွင်ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်တွင် ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကိုမောင်မောင်မြင့်
စီဒီစီ–၃၅၇၁၀
Third Engineer(East Wind)
အသက်(၃၉)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ကေတုမာလာရိပ်သာ၊ အမှတ် ၁၁(က)နေ ဦးလှမြင့်–(ဒေါ်စန်းမန်နေဂျာ၊ ငြိမ်း၊ လမဖ)တို့၏ သား၊ ကိုဝင်းမြင့်–မယဉ်မျိုးအေး၊ မညီညီလွင်တို့၏ညီ/ မောင်၊ မမာမာမြင့် (နိုင်ငံခြားကုန်သွယ်မှုဘဏ်)၊ မခင်သီတာမြင့်၊ မောင်ကျော်မိုးမြင့်တို့၏အစ်ကို၊ မောင်ဉာဏ်လင်းဝင်း၏ ဦးလေးသည် ၂၈-၂-၂၀၀၄ရက်(စနေနေ့)တွင် ကိုလံဘီယာနိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အငြိမ်းစား ပုညကုသလအသင်းနာယက အငြိမ်းစားရဲချုပ်(သရေစည်သူ)
ဦးဘို
အသက်(၉၃)နှစ်

ရန်ကုန်မြို့ ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ၁-၃-၂၀၀၄ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်တင်ညိမ်း
အသက်(၇၂)နှစ်

ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နယ်၊ စက်စုကျေးရွာနေ (ဦးဘငွေ–ဒေါ်စိန်အုံ)တို့၏သမီး၊ (ဦးသာခင်–ဒေါ်အေးကြည်)တို့၏ညီမ၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ် ၁၀၉၊ ၄ဝါလမ်းနှင့် အမှတ် ၅၅၊ ဆင်ရေကန်လမ်းနေ၊ ဘိုကလေးမြို့၊ (၅)ရပ်ကွက်၊ တတိယလမ်းရှိ ရွှေကြီးမကြီး ဆေးပေါ့လိပ်လုပ်ငန်းပိုင်ရှင် ဦးချစ်ဆွေ၏ဇနီး၊ မောင်တင်စိုး(အတိုး)၊ မဝင်းမြင့်၊ ဦးဝင်းမောင်(Air Mandalay)–ဒေါ်ဥမ္မာဆွေ(သိန်းသန်း ကြိုးစက်)၊ မောင်တိုင်းဝင်း(ကိုပေါက်ကြီး)၊ မတင်တင်ချစ်(မဘုတ်)တို့၏ မိခင်၊ မဝင်းလဲ့လဲ့ဖြူ၊ မောင်ရဲဝင်းသူ၊ မောင်စစ်ငြိမ်းလူတို့၏ မေကြီးသည် ၁-၃-၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၇:၃၀ နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါက်တာဦးတင်ထွန်း
(ဆေးရုံအုပ်ကြီး၊မုံရွာပြည်သူ့ဆေးရုံ၊ငြိမ်း)
(ဆမ–၂၃၉၁)
ဇာမဏီတစ်ထောင်သံဃာ့ဆေးရုံ
အသက်(၆၂)နှစ်

အမှတ် ၁၊ ကုန်သည်လမ်း၊ ပြည်မြို့နေ (ဦးထွန်းရွှေ)–ဒေါ်ခင်ထွေးတို့၏ သား၊ (ဦးလှမြင့်)–ဒေါ်သန်းရီတို့၏သားသမက်၊ ဒေါ်နွဲ့နွဲ့ဆွေ၏ခင်ပွန်း၊ မခင်မိုးမိုးထွန်း၊ ကိုရန်နိုင်ထွန်း–မလှလှဝင်း၊ ကိုကျော်လင်းသူထွန်း–မတင်ဆွေအေး၊ ကိုတင်မိုးလွင်–မအိအိထွန်း၊ ဗိုလ်ကြီးမျိုးသူရိန်–ဗိုလ်ခင်မိုးသူထွန်း၊ ကိုကျော်မိုးဆွေ–မငယ်ငယ်ထွန်းတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၁-၃-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၅:၃၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးဘို
(အငြိမ်းစားရဲချုပ်)
အသက်(၉၃)နှစ်

အမှတ် ၂၂၊ ဖိုးရာဇာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေ (ဒေါ်ခင်ခင်ကြီး)၏ခင်ပွန်း၊ ဦးဇော်ဝင်း–ဒေါက်တာမြစိုးဆင့်၊ဒေါက်တာဦးခင်ဘို၊ ဦးထင်ဘို–ဒေါ်နုနုအေး၊ ဦးကျော်ဘို–ဒေါ်ဂျွန်ရိုစ်၊ ဒေါ်မြသင်းဝေ၊ ဦးမြင့်ဘို–ဒေါ်စုစု၊ ဦးသက်ဘို–ဒေါ်ခင်သိန်း၊ (ဦးအောင်ဘို)–ဒေါ်ခင်အေးကြည်၊ဦးမြင့်ဆွေ–ဒေါက်တာမြမိုးဝေတို့၏ဖခင်၊ မြေး ၁၅ ယောက်၊ မြစ်ငါးယောက်တို့၏ အဘိုးသည် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ၁-၃-၂၀၀၄ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁-၃-၂၀၀၄ရက်၌ပင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

၇-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၉နာရီအတွင်း အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ထွန်းကျွေ
အသက်(၇၃)နှစ်

ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်၊ (၅)ရပ်ကွက်၊ အောင်သုခလမ်း၊ တိုက်အမှတ် ၁၀၄၊ အခန်း ၄၀၁ နေ ဦးမြဟန်၏ဇနီး၊ ဒေါ်ကောင်းလင်၊ ဒေါ်စိန်လင်၊ ဦးချန်ရှိန်(တပ်စာရင်းကိုင်၊ ငြိမ်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ်)၊ ဦးစန်းလွင် (ခတ်ခွဲမှူး၊ အနောက်ပိုင်းပြည်သူ့ဆေးရုံကြီး)၊ ဒေါ်မေရီစန်း (ကြည့်မြင်တိုင် အထွေထွေအုပ်ချုပ်မှုရုံး)တို့၏အစ်မ၊ ဒေါ်ရင်ကြည်၊ ဒေါ်ရီရီမြင့်(တိုင်းဆောက်–၃)၊ ဦးဝင်းအောင်(ရေ/ယာဉ်နှင့် ပို့ဆောင်ရေး)–ဒေါ်ခင်ရီ၊ ဒေါ်စန်းစန်းထွေးတို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၁-၃-၂၀၀၄ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ရှောလမုန်စောဒွေးမောင်
ဒုအရာခံဗိုလ်(ငြိမ်း)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်း(မြောက်)ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ် ၁၄၊ စိန်မေရီဝင်းနေ (ဦးဖိုးညွန့်–ဒေါ်လေးဒီ)တို့၏သား၊ (ဦးမောင်ဦး)–ဒေါ်ကြွေတို့၏သားသမက်၊ ဒေါ်တင်တင်နု၏ ခင်ပွန်း၊ ဗိုလ်ကြီးမြင့်စိုး–ဒေါ်သန္တာ၊တသ မြင့်ဦး–ဒေါ်ခင်နှင်းနွယ်၊ ဦးစိုးမင်းသန်း–ဒေါ်စန်းစန်းအေး၊ ဦးသိန်းဇော်–ဒေါ်နန္ဒာထွန်း၊ တကကမင်းဇော်–ဒေါ်ဇင်မာဝင်းတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၁-၃-၂၀၀၄ရက် (တနင်္လာနေ့) ၅:၂၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂-၃-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ် ၁၄၆၊ ကျွန်းတောလမ်း ယာဖေလဝတ်ပြုဆောင်မှ ဝတ်ပြုဆုတောင်းပြီး ထိန်ပင်သုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးဇော်တင့် (ကိုထူး)
(Chief Engineer)
အသက်(၅၉)နှစ်

ဦးဘရွှေ–ဒေါ်မြသိန်းတို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၂(ခ) နေ (ဦးခင်မောင်လတ်)–ဒေါ်ညိမ်းညိမ်းတို့၏သားသမက်၊ ဒေါ်ခင်မေလတ်၏ခင်ပွန်း၊ ဦးဇော်မြင့်–ဒေါ်ခင်မေလှိုင်၊ ဒေါ်ခင်နှင်းအေးတို့၏ ညီ/မောင်၊ ဦးဇော်ဆန်း၊ ဒေါ်စန်းစန်းရီ၊ ဦးစိုးနိုင်–ဒေါ်ခင်မြသွယ်၊ဒေါ်ခင်မြနွယ်၊ ဒေါက်တာဦးဦးဟန်–ဒေါ်ခင်မြဝေ၊ ဒေါ်ခင်မြရွှေ၊ ဒေါ်ခင်မြလွင်၊ ဦးဇော်မင်း–ဒေါ်လဲ့လဲ့အေး၊ဦးဇော်လင်းတို့၏အစ်ကို၊ တူ တူမ ခုနစ်ယောက်တို့၏ ဦးလေးသည် ၂၇-၂-၂၀၀၄ရက် (သောကြာနေ့) ညနေ ၅:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးအောင်ထွန်း(ခ)ဦးတင်အေး
လွှတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)
(စစ်မှုထမ်းဟောင်း)
လယ်/စိုက်/ရှင်း(ရပ်စောက်မြို့၊ငြိမ်း)
(သရက်မြို့နယ်အသင်း)
(ကံမမြို့နယ်အသင်း)
အသက်(၈၄)နှစ်

သရက်မြို့၊ ဥယျာဉ်တန်းလမ်းနေ (ဦးအောင်ခင် – ဒေါ်သက်ရှည်)တို့၏ သား၊ ရပ်စောက်မြို့၊ မြေနီကုန်းကျေးရွာနေ ဒေါ်မြကြည်၏ခင်ပွန်း၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ ဦးစိုးတင့်(အင်/ယာမှူး၊ ရေသန့် ဆောက်လုပ်ရေး၊ ပဲခူးမြို့)–ဒေါ်ခင်ဆွေမြ (ပါမောက္ခ၊ဌာနမှူး၊ ပထဝီဝင်ဌာန၊ စစ်တွေတက္ကသိုလ်)၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျောင်းကုန်းလမ်း၊ အမှတ် ၁၃ နေ ဦးကျော်ညွှန့်–ဒေါ်ဝင်းမာ၊ မွန်ပြည်နယ်၊ကျောက်တလုံးစခန်းနေ ဦးထွန်းလွင်–ဒေါ်ခင်ခင်ဦး၊ ရန်ကုန်မြို့၊ပန်းဘဲတန်းမြို့နယ်၊ ၂၇ လမ်းနေ ဦးသောင်းစိန်–ဒေါ်အေးအေးခိုင်၊ ရပ်စောက်မြို့၊ မြေနီကုန်းကျေးရွာနေ ဦးသောင်းညွှန့်–ဒေါ်မေဝင်း၊ ကိုကျော်မြင့်တို့၏ဖခင်၊ မြေး ၁၆ ယောက်တို့၏ အဘိုးသည် ၂၈-၂-၂၀၀၄ရက်(စနေနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ကျောင်းကုန်းလမ်းနေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းကြည်
ကစလ(ငြိမ်း)
(မော်လမြိုင်၊ငန်းတေး)
အသက်(၇၈)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၈)ရပ်ကွက်၊ အုတ်လှငယ်လမ်း၊ အမှတ်၁၇၁ နေ (ဦးဘိုးဆိုင်–ဒေါ်မကြီး)တို့၏သမီး၊ (ဦးချိန်–ဒေါ်အေးသင်)တို့၏သမီးချွေးမ၊ (ဦးသိန်းလွင်)၏ဇနီး၊ အရာခံဗိုလ်တင်ညို–ဒေါ်လှညွှန့်၊ ဦးကျော်ရွှေ–ဒေါ်သန်းငြေး၊ ဦးမြနောင်–ဒေါ်အေးဝင်း (ကစလ)၊ဒေါ်မေသက်နွယ်၊ဦးခင်မောင်ဝင်း–ဒေါ်နန်းညိုညိုထားတို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၂၉-၂-၂၀၀၄ရက် ညနေ ၆:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်မြင့်သိန်း
အသက်(၆၂)နှစ်

ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ အမှတ် (၉)ရပ်ကွက်နေ (ဦးအေးသင်း–ဒေါ်မယ်သာ)တို့၏သမီးထွေး၊ရန်ကုန်မြို့၊တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်း၊ အမှတ် ၁၀၇ နေ ဦးစိန်ဝင်း၏ဇနီး၊ ဦးပုည‌–ဒေါ်တင်အေးတို့၏ညီမသည် ဖြူးမြို့တွင် ၂၉-၂-၂၀၀၄ရက်၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ဖြူးမြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးထွန်းထွန်းရှိန်
B.Sc(Chemistry)
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ် ၇၉ နေ ဦးဘသွင် (သတင်းတပ်ဖွဲ့၊ငြိမ်း)–(ဒေါ်ရင်မြ)တို့၏သားကြီး၊ ရေစကြို၊ စစ်ကိုင်းမြို့နေ (ဦးဘသောင်း)–ဒေါ်ခင်ခင်တို့၏ သားသမက်၊ ဦးမိုးကျော်သွင်– ဒေါ်သန်းသန်းနိုင်၊ ဦးသန်းနိုင်(Bosun,Uniteam Co.) – ဒေါ်မေအေးသွင် (လ/ထ ကထိက၊ ရက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးဖေဆန်းသွင်တို့၏ အစ်ကို၊ ဒေါ်ငယ်ငယ်ခိုင် (ကထိက၊ ရူပဗေဒဌာန၊ ရတနာပုံတက္ကသိုလ်၊ မန္တလေး)၏ ခင်ပွန်း၊ မောင်မြတ်ခိုင်(V-A၊ အထက–၁၊ စစ်ကိုင်း)၏ဖခင်၊ မောင်ဆက်သီဟနိုင်၊ ဖူးပွင့်တို့၏ ဘကြီးသည် ၂၈-၂-၂၀၀၄ ရက်ည ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၃-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရင်ကြွေ
(ရင်းငြိမ်ကျေးရွာ၊သထုံမြို့)
အသက်(၈၄)နှစ်

မွန်ပြည်နယ်၊ရင်းငြိမ်ကျေးရွာ၊တောင်ဘက်ကမ်းနေ (ဦးထွန်းမောင်–ဒေါ်နှင်းပင်)တို့၏သမီး၊ ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၂၉)ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ် ၄၂၅ နေ (ဦးကျင်မောင်)–ဒေါ်ခင်လှရီတို့၏မိခင်၊ ဦးဝင်းရွှေ (ဒိုက်ဦး သ/မ)–ဒေါ်ခင်အေးနွဲ့ (MEPE ရုံးချုပ်)၊ ဦးတင်ထူး–ဒေါ်မေမေခိုင်(ဗပထရုံး၊ရန်ကင်း)၊ ဦးဝင်းထူး၊ ဦးသန်းထူး–ဒေါ်သီဂီ၊ဦးခင်ထူး(R/O)၊ ဦးဝဏ္ဏရှင်–ဒေါ်ခင်မြင့်မြင့်မော်၊ ဦးဝင်းလွင်ထူးနှင့်မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၂၉-၂-၂၀၀၄ရက် (တနင်္ဂနွေနေ့) ည၈:၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၀၄ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအေးထွန်း
နတ်တလင်း
အထက်တန်းပြဆရာ(ဟောင်း)
အထက၊ရေးမြို့
ဌာနစုမန်နေဂျာ(ငြိမ်း)၊
ကုန်သွယ်(ဆေး)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ စီးပွား/ကူးသန်း ဝန်ထမ်းအိမ်ရာ၊ တိုက် ၄၊ အခန်း ၁၈ နေ (ဦးဘိုးကဲ–ဒေါ်ညို)တို့၏ သား၊ (ဦးညွန့်တင်–ဒေါ်ကျင်မှီ)တို့၏ သားသမက်၊ ဒေါ်မြမြခိုင်၏ ခင်ပွန်း၊ (ဒေါ်ကျင်မေ)၊ (ဦးကျော်ထင်)–ဒေါ်လှမြင့်၊ (ဦးထွန်းအောင်ကျော်)–ဒေါ်တင်တင်တို့၏မောင်၊ ဦးသိန်းအောင်(ဒုညွှန်ချုပ်၊အား/ကာ)–ဒေါ်ရီလေး၊ ဦးဆန်းတင်–ဒေါ်တင်မေဦးတို့၏အစ်ကို၊ မအေးအေးခိုင်(နှင်းနှင်းခိုင်ကုမ္ပဏီ)၊မနှင်းနှင်းလှိုင်(MEGA Products Ltd.)တို့၏ဖခင်သည် ၁-၃-၂၀၀၄ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၃-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ရေတွင်း ဒါယိကာမကြီး
ဒေါ်ကျင်ထွေး
ဒု–ညွှန်ကြားရေးမှူး(ငြိမ်း)
ပြည်တွင်းအခွန်များဦးစီးဌာန
အသက်(၆၁)နှစ်

ရန်ကုန်တိုင်း၊ (၄၀)ရပ်ကွက်၊ အမှတ် ၆၃၅၊ ဗိုလ်တေဇလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (ဦးအစ်အံ–ဒေါ်စိန်မြ)တို့၏သမီး၊ (ဦးထွေး–ဒေါ်ချော)၊ (ဦးကျင်ဝှက်)–ဒေါ်လှကြည်၊ (ဦးခွေးပု)–ဒေါ်မြသီ၊ (ဦးစွန်ဝှက်)–ဒေါ်ခင်မြ၊ ဦးညွန့်ဆွေ–ဒေါ်မြင့်မြင့်သိန်းတို့၏ ညီမသည် ၂၉-၂-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၀၄ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်ဇင် (ကိုကို)
တပ်မတော်လေ(ငြိမ်း)
မြန်မာ့လက်ရွေးစင်ဟောင်း
(ပြေးခုန်ပစ်)
အသက်(၅၉)နှစ်

ပျဉ်းမနားမြို့နယ်၊ လောမြို့နေ ဦးထွန်း–ဒေါ်တင်ရွှေတို့၏သားကြီး၊ ဘားအံမြို့နေ(ဦးဘဲလူး–ဒေါ်တင်)တို့၏ သားသမက်၊ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊(၁၀)ရပ်ကွက်၊ ဓမ္မရာဇာ(ဘုရားလမ်း)၊ အိမ်အမှတ် ၁၈၇ နေ ဒေါ်ရီရီတင်၏ခင်ပွန်း၊ မနီနီဝင်း၊ မောင်သန်းနိုင်ဝင်း၊ မဖြူဖြူဝင်း၊ မောင်လေးဝင်းတို့၏ ဖခင်သည် ၂၉-၂-၂၀၀၄ရက် နံနက် ၆:၂၅ နာရီတွင် UHC အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် ထိထိရောက်ရောက်လုပ်ကိုင်ပေးခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်လာမည် နိုင်ငံ့ဝန်ထမ်းများ ဒေသခံများနှင့်ပူးပေါင်း၍ ဖွံ့ဖြိုးရေးလုပ်ငန်းများအမြန်အကောင်အထည်ဖော်

■ ရှေ့ဖုံးမှ

ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲပိုင်းတွင် ဘုတ်ပြင်းမြို့နယ် ကျောက်ထနောင်းတပ်နယ်သို့ ရဟတ်ယာဉ်များဖြင့်ရောက်ရှိသည်။

ထို့နောက် တပ်နယ်ခန်းမ၌ ကျောက်ထနောင်းတပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံရာ ရှေ့ဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ ■

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘုတ်ပြင်းမြို့နယ်တွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တိုင်းရင်းသားအားလုံးမျှမျှတတဖွံ့ဖြိုးရေးလုပ်ဆောင်ပေးနေ ပြည်ထောင်စုကိုမြတ်နိုးစိတ်၊ နိုင်ငံချစ်စိတ်ကိန်းအောင်းလာရေးစည်းရုံး

- ★ တိုင်းရင်းသားလူမျိုးအားလုံးအပေါ် နီးသည်ဝေးသည်မဟုတ်၊ ဆူကြံ့နိမ့်မြင့်မရွေး အားလုံး မျှမျှတတ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေလိုသည့်စေတနာဖြင့် လုပ်ဆောင်ပေးနေ။
- ★ ဝန်ထမ်းများနှင့်ပြည်သူများ ညီညီညွတ်ညွတ်ပူးပေါင်း၍ ကြံ့ရည်ဖန်ရည်ရှိရှိ၊ ဝီရိယရှိရှိဖြင့် သဘာဝသယံဇာတများကို အပြည့်အဝ အသုံးချလုပ်ကိုင်။
- ★ အကြောင်းအမျိုးမျိုးဖြင့် ပလပ်ထားသောနယ်မြေများကို အပြည့်အဝဖော်ထုတ်စိုက်ပျိုးခြင်းဖြင့် ဒေသဆန်ဖူလုံရေးကို ဆောင်ရွက်သွားရမည်။
- ★ ငရုတ်ကောင်းသီးနှံကို တနင်္သာရီတိုင်း၊ မွန်၊ ကရင်နှင့် ရခိုင်ပြည်နယ်တို့၌ စီးပွားဖြစ်စိုက်ပျိုးဖြစ်ထွန်းနိုင်၍ ပြည်ပပို့ကုန်အမယ်သစ်အဖြစ် စိုက်ပျိုးထုတ်လုပ်တင်ပို့။
- ★ ပြည်ထောင်စုကို မြတ်နိုးသည့်စိတ်၊ မိမိမြေ၊ မိမိရေနှင့် မိမိနိုင်ငံတော်ကို ချစ်မြတ်နိုးစိတ်များ ကိန်းအောင်းလာရေး စည်းရုံးဆောင်ရွက်။
- ★ နယ်စပ်ဒေသရှိ တာဝန်ရှိသူများ နယ်မြေဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူများအေးချမ်းလုံခြုံစွာ နေနိုင်သွားနိုင်ရေး ကာကွယ်စောင့်ရှောက်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
တနင်္သာရီတိုင်းခရီးစဉ်အတွင်း လမ်းညွှန်မိန့်ကြားချက်။

ယနေ့ထုတ်စောင်ရေ

၁၉၈၅၅၃

နိုင်ငံတော်က ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများစွာဖြည့်ဆည်းပေးလျက်ရှိ ပြည်သူများလူနေမှုအဆင့်မြင့်မားရေးပံ့ပိုးပေးနေချိန် မိမိဒေသဖွံ့ဖြိုးရေး ဝီရိယစိုက်ထုတ်ကြိုးပမ်း ရည်မှန်းချက်ပန်းတိုင်ရောက်ရှိရေး အစိုးရ၏ဦးဆောင်မှုအောက်တွင်တက်ညီလက်ညီဆောင်ရွက်

ရန်ကုန် မတ် ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာကြရာ ရခိုင်ပြည်နယ် အမ်းမြို့သို့ နံနက် ၁၁ နာရီတွင်ရောက်ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

2-3 (20).p65 1 3/24/05, 11:00 PM